# အမှောင်ခေတ်အတွင်းမှ သတင်းများရေးသားထုတ်ပြန်ခြင်း
# မြန်မာပြည်၏ သတင်းစာရပ်ဝန်းနှင့် မီဒီယာ

၂၀၂၃ ခုနှစ် နောက်ဆုံး သုံးလပတ် နှင့် နှစ်ပတ်လည် အစီရင်ခံစာ

# မာတိကာ


အကျဉ်းချုပ် နှင့် ထူးခြားဖြစ်စဥ်များ.......... ၂

၂၀၂၃ ခုနှစ်၏ နောက်ဆုံး သုံးလပတ်ကာလ.......... ၆

ဖမ်းဆီးခံရမှုများ နှင့် ထိန်းသိမ်းခံရမှု.......... ၆

သေဆုံးမှုများ.......... ၆

မဲခေါင်သတင်းဌာန၏ လုပ်ငန်းလိုင်စင် ပိတ်ပင်ခံရခြင်း.......... ၉

အတွေးအမြင် - ၂၀၂၃ ခုနှစ်နှင့် ၂၀၂၁ မှ စတင်ခဲ့သည့် အခြေအနေများ.......... ၉

မြန်မာစစ်တပ်မှ သတင်းမီဒီယာအပေါ်ဖိနှိပ်ရန်အတွက် အသုံးပြု သော နည်းဗျူဟာများ.... ၁၄

အသံစကားများ.......... ၂၄

“ကိုယ့်လုံခြုံရေးအတွက် စိုးရိမ်ရတယ်ဆိုပေမဲ့ ဒီအလုပ်ကို မလုပ်ဘဲ မနေနိုင်ပါဘူး” .......... ၂၄

“ငွေကြေးပိုင်းဆိုင်ရာအခက်အခဲက လာမယ့်နှစ်အတွက် ကျွန်တော်တို့ရဲ့ အဓိက စိန်ခေါ်ချက်နဲ့ စိုးရိမ်မှုဖြစ်နေတယ်”.......... ၂၄

အစီရင်ခံစာနောက်ခံအကြောင်း.......... ၃၁

အဓိပ္ပာယ်ဖွင့်ဆိုချက်များ .......... ၃၁

# အကျဉ်းချုပ် နှင့် ထူးခြားဖြစ်စဥ်များ

ဤ ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာသတင်းထောက်များ၏ လုံခြုံရေးနှင့် ပတ်သတ်၍ အဓိကဖြစ်ပေါ်ပြောင်းလဲနေသည့် အချက်များ၊ ထူးခြားဖြစ်စဥ်များနှင့် မီဒီယာဖွံ့ဖြိုးမှု လုပ်ဆောင်ချက်များကို ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။ အထူးသဖြင့် အစီအရင်ခံစာ၏ ပထမ အပိုင်းတွင် ၂၀၂၃ ခုနှစ်၏ နောက်ဆုံးသုံးလပတ် (အောက်တိုဘာလ - ဒီဇင်ဘာလ) အတွင်း ဖြစ်ပွားခဲ့သော ဖြစ်ရပ်များကို လေ့လာစီစစ်သုံးသပ်ပြီး အဓိကထား ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ဖြစ်ပွားခဲ့သည့် အာဏာသိမ်းသည့်နေ့မှစတင်၍ မြန်မာ စစ်တပ်သည် လွတ်လပ်သည့် သတင်းမီဒီယာများနှင့် အခြားသော လွတ်လပ်စွာ ထုတ်ဖော်ပြော ဆိုမှုများကို အဆက်မပြတ် ဖိနှိပ်နေခြင်းများကို တွေ့ရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ သတင်း ထောက်များနှင့် Citizen Journalist များက လွတ်လပ်သော သတင်းမီဒီယာလုပ်ငန်းများ ဆက်လက်ရှင်သန်ရန်အတွက် အသက်အန္တရာယ်ခြိမ်းခြောက်မှုများနှင့် အခက်အခဲများစွာကြားမှ ဆက်လက်၍ သတင်းများကို ရေးသားပေးပို့ တင်ဆက်လျက်ရှိကြသည်။

လွန်ခဲ့သည့် သုံးနှစ်တာ ကာလွန်အတွင်းတွင် မြန်မာစစ်တပ်သည် မီဒီယာအပါအတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်ကို စနစ်တကျ ကန့်သတ်ရန်အတွက် နည်းစနစ်များကို တည် ဆောက်ခဲ့ကြပြီး ထိုနည်းစနစ်များအထဲတွင် “ဥပဒေ”များကို အသုံးချ၍ မမှန်မကန် တရားစီရင် ခြင်းများ၊ သတင်းမီဒီယာလုပ်ငန်းများ၏ ပုံနှိပ်ခွင့်များနှင့် လုပ်ငန်းလိုင်စင်များကို ဖျက်သိမ်းခြင်း၊ (အွန်လိုင်းအပါအဝင်) ပုံစံနည်းစနစ်မျိုးစုံကို အသုံးပြု၍ သတင်းမီဒီများနှင့် သတင်းထောက်များ ကို ဖိနှိပ်ကန့်သတ်အရေးယူခြင်းများနှင့် မြန်မာစစ်တပ်ကို ထောက်ခံသည့် ဝါဒဖြန့်မီဒီယာများနှင့် ထောက်ပံ့သူများမှ တဆင့် တိုက်ခိုက်ထိုးနှက်ခြင်းများကိုလည်း လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရ သည်။

ထို့အပြင် သတင်းအချက်အလက်များနှင့် ပြည်သူလူထု၏ ထင်မြင်ယူဆ ဆွေးနွေးချက်များကို ထိန်းချုပ်ကန့်သတ်ရန်အတွက် မြန်မာစစ်တပ်အနေဖြင့် အင်တာနက်လိုင်းများကို ပိတ်ပင်ခြင်း များနှင့် ကန့်သတ်ခြင်းများကို နိုင်ငံအတွင်းရှိ ဒေသအသီးသီးတွင် လုပ်ဆောင်ခဲ့ပြီး အထူးသဖြင့် အာဏာသိမ်းမှုကို ဆန့်ကျင်တော်လှန်သည့် တိုက်ပွဲများဖြစ်ပွားလျက်ရှိသည့် ဒေသများအတွင်း တွင် ဖြစ်သည်။

၂၀၂၃ ခုနှစ်အတွင်းတွင် မြန်မာစစ်တပ်သည် သတင်းထောက်များနှင့် သတင်းမီဒီယာသမားများကို ဖမ်းဆီးခြင်း၊ တရားစွဲခြင်းများနှင့် အရေးယူအမိန့်ချမှတ်ခြင်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ယခုနှစ်အတွင်းထောင်ဒဏ်ချမှတ်မှုသည် အာဏာသိမ်းပြီးသည့်အချိန်မှစ၍ အရေးယူမှုများထဲမှ နှစ်အရှည်ဆုံးသော ထောင်ဒဏ်ချမှတ်မှုဖြစ်ပြီး ထိုသူမှာ ထောင်ဒဏ် နှစ် (၂၀) ချမှတ်ခြင်းခံရသည့် Myanmar Now သတင်းထောက် စိုင်းဇော်သိုက်ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် သတင်းထောက်များနှင့် သတင်းမီဒီယာသမားများ စုစုပေါင်း ၁၃ ဦး ဖမ်းဆီးအရေးယူခြင်း ခံခဲ့ကြရပြီး ငါးဦးမှာ နောက်ဆုံးသုံးလအတွင်းတွင် ဖမ်းဆီးခံခဲ့ကြရသည်။ ခြောက်ဦးမှာ နိုင်ငံတော်လုံခြုံရေးနှင့်သက်ဆိုင်သည့် ပုဒ်မများဖြင့် အရေးယူခြင်းခံခဲ့ကြရပြီး ခုနစ်ဦးမှာ ထိုနှစ်အတွင်းမှာပင် ပြန်လည်လွတ်မြောက်လာကြသည်။

စာရင်းများအရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ သတင်းထောက်များနှင့် သတင်းမီဒီယာသမားများ စုစုပေါင်း ၆၄ ဦးမှာ အကျဉ်းချခြင်းကို ခံထားလျက်ရှိကြသည်။ ၎င်းတို့ထဲမှ အများစုမှာ အမျိုးသားများဖြစ်ကြပြီး သတင်းထောက်များ၊ ဓာတ်ပုံသတင်းထောက်များ ဖြစ်ကြသည်။

အာဏာသိမ်းပြီးသည့် အချိန်မှစ၍ သတင်းထောက်ခြောက်ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။ ၎င်းတို့အထဲတွင် တဦးမှာ စစ်တပ်၏ စစ်ကြောရေးစခန်းတွင် သေဆုံးခဲ့ရပြီး၊ နှစ်ဦးမှာ ပဋိပက္ခတိုက်ပွဲများအတွင်း အသက်ဆုံးရှုံးခဲ့ကြရပြီး၊ အခြားသော သတင်းထောက်သုံးဦးမှာ စစ်တပ်ထောက်ခံသူများနှင့် ဆက်စပ်မှုရှိသည်ဟု ယုံကြည်ရသဖြင့် အမည်မသိရသော လက်နက်ကိုင် အဖွဲ့အစည်းများ၏ သတ်ဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်တွင် ခံကြရသည်။

ပြုစုကောက်ယူရရှိထားသော စာရင်းများအရ အာဏာသိမ်းပြီးသည့် အချိန်မှစ၍ ဖမ်းဆီးအရေးယူခံရသူ သတင်းထောက်များနှင့် သတင်းမီဒီယာသမားများ စုစုပေါင်း ၂၀၂ ဦးအထိ ရှိပြီး၊ တရားစွဲအရေးယူအမိန့်ချ ခံရပြီးသူ ၆၇ ဦးနှင့် ပြန်လည်လွတ်မြောက်လာသူ ၁၃၈ ဦး ရှိသည်။

၂၀၂၃ ခုနှစ်တွင် မြန်မာစစ်တပ်သည် သတင်းမီဒီယာများနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်များကို ပို၍ကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်နိုင်ရန်အတွက် ထပ်မံပြင်ဆင်ထားသည့် ဥပဒေနှစ်ခုကို ထုတ်ပြန်ခဲ့ပြီး ၎င်းတို့မှာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ တို့ဖြစ်ကြသည်။

ယခုနှစ်အတွင်း သတင်းမီဒီယာရပ်ဝန်းကို အဓိက သက်ရောက်စေသော အကြောင်းအရင်းတခုမှာ မြန်မာနိုင်ငံအတွင်း ပဋိပက္ခအရှိန်မြင့်တက်လာခြင်းဖြစ်သည်။ နိုင်ငံတကာမှလည်း မြန်မာနိုင်ငံ၏ အကျပ်အတည်းကို အာရုံစိုက်မှု နည်းပါးနေသော အချိန်ဖြစ်သည်။

ယခုအချိန်တွင် နိုင်ငံအများစုသည် ပဋိပက္ခများကို ရင်ဆိုင်နေကြရသည့်အတွက် သတင်းသမားများ၏ ဘေးကင်းလုံခြုံရေးနှင့် သတင်းရင်းမြစ်များအပေါ် ကြီးမားသော သက်ရောက်မှုရှိပြီး မြန်မာနိုင်ငံတွင်လည်း အင်တာနက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပြတ်တောက်မှုသည် သတင်းရယူခြင်းနှင့် သတင်းစီမံခန့်ခွဲမှုများအပေါ်တွင် အဓိက လွှမ်းမိုးသက်ရောက်လျက်ရှိသည်။ သတင်းရင်းမြစ်များပေးပို့ရတွင် ကြုံတွေ့နိုင်သည့် နောက်ဆက်တွဲ သက်ရောက်မှုများကို ကြောက်ရွံ့ခြင်း၊ သတင်းသမားများ၏ လှုပ်ရှားသွားလာနိုင်မှုမှာ အကန့်အသတ်ဖြစ်ခြင်းနှင့် တရားဝင်ဌာနများအသီးသီးမှ သတင်းရင်းမြစ်များကို မေးမြန်းမှုများအား တုံ့ပြန်မှုမရှိခြင်းတို့ကြောင့် အချက်အလက်စစ်ဆေးခြင်းနှင့် စီစစ်ခြင်းများသည် ပိုမိုစိန်ခေါ်မှုဖြစ်လာသည်။ (၂၀၂၃ ခုနှစ် Freedom House's Freedom on the Net အစီရင်ခံစာ၏ လွတ်လပ်မှု ညွှန်းကိန်းအရ မြန်မာနိုင်ငံ၏ ရမှတ်သည် 100 တွင် 10 သို့မဟုတ် “လုံးဝမလွတ်လပ်”ပေ။)

သတင်းသမားဖြစ်ရခြင်းသည် မိမိ၏အသက်အန္တရာယ်အပြင် ဆွေမျိုး၊ မိတ်ဆွေများ၏ အသက်အန္တရာယ်ကိုပါ စိုးရိမ်ရသည့်အတွက် သတင်းအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုခြင်းသည် စိန်ခေါ်မှုကြီးတခုဖြစ်လာသည့်အတွက် မြန်မာနိုင်ငံ၏ သတင်းအသိုက်အဝန်းသည်လည်း အာဏာသိမ်းပြီးချိန်မှစတင်၍ ပိုမိုကျဉ်းမြောင်းလာခဲ့သည်။

မကြာခဏ ကိုးကားဖော်ပြခြင်းခံရသည့် ကိန်းဂဏန်းများအရ ၂၀၂၁ ခုနှစ် အာဏာသိမ်းချိန်တွင် မြန်မာနိုင်ငံ၌ သတင်းထောက် ၄၀၀၀ ဝန်းကျင်ရှိပြီး ယခုလက်ရှိတွင် ၁၀၀၀ သို့မဟုတ် ယင်းထက်နည်းနိုင်သည်ဟု ထိုင်းမြောက်ပိုင်း ချင်းမိုင်မြို့အခြေစိုက် မြန်မာအယ်ဒီတာတဦးက ခန့်မှန်းသည်။ ထိုအထဲတွင် ပြည်ပရောက်သတင်းသမား ၃၀၀ ခန့်ရှိသည်ဟု ဆိုသည်။

သတင်းမီဒီယာဌာနကြီးများအားလုံးနှင့် ဌာနအသေးများသည် တတိယနိုင်ငံများသို့ ပြောင်းရွှေ့ပြီးကြပြီး အများစုမှာ ထိုင်းနိုင်ငံတွင်ဖြစ်ပြီး နိုင်ငံအတွင်းရှိ Citizen Journalist နှင့် သတင်းမျှဝေသူများနှင့်လည်း ဆက်လက်လုပ်ကိုင်နေသည်။

နိုင်ငံအပြင်ဘက်တွင် လုပ်ကိုင်နေသည့်အတွက် ရုပ်ပိုင်းဆိုင်ရာအရ ပို၍လုံခြုံသော်လည်း သတင်းအလုပ်အား အသက်မွေးလမ်းကြောင်းအဖြစ် ဆက်လုပ်ကိုင်ရန် စိုးရိမ်စရာများရှိနေသေး

သည်။ ဥပမာ- သတင်းသမားအများစုသည် ထိုင်းနိုင်ငံတွင် နေထိုင်ရန် စာရွက်စာတမ်းဆိုင်ရာ စိန်ခေါ်ချက်များကြုံနေရသည်။ သတင်းထောက်များနှင့် ၎င်းတို့သတင်းအဖွဲ့အစည်းများ၏ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန်မှာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကူညီထောက်ပံ့မှုများအပေါ်တွင် မှီခိုနေရပြီး တဖက်တွင်လည်း ရန်ပုံငွေအထောက်အပံ့များရရှိရန် ပဋိပက္ခများဖြစ်ပွားလျက်ရှိသည့် ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံများနှင့် ယှဉ်ပြိုင်နေရသည်။

ချင်းမိုင်အခြေစိုက် အယ်ဒီတာက "လုံခြုံရေးဟာ ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တွေမှာ ကျွန်တော်တို့အတွက် အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်တယ်၊ ဒါပေမယ့် အခုနဲ့ အနာဂတ်အတွက်က ငွေကြေးပိုင်းဆိုင်ရာက အကြီးဆုံး ခြိမ်းခြောက်မှုနှင့် စိုးရိမ်ပူပန်မှုဖြစ်တယ်" ဟု ဆိုသည်။ (ဤအယ်ဒီတာနှစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်းအတွက် 'အသံစကားများ' ကဏ္ဍအား ကိုးကားပါ။)

၂၀၂၃ ခုနှစ်သည် ကျွမ်းကျင်ပိုင်နိုင်မှု မြှင့်တင်ရန်နှင့် အပြန်အလှန် ပံ့ပိုးကူညီမှုများအပြင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် အမှီအခိုကင်းသော မြန်မာသတင်းထောက်များ၏ ကြိုးပမ်းချက် သုံးခုထက်မနည်းလည်း ပေါ်ပေါက်ခဲ့သည်။ ၎င်းတို့မှာ မြန်မာ သတင်းမီဒီယာအဖွဲ့၊ လွတ်လပ်သော စာနယ်ဇင်းကောင်စီ မြန်မာနှင့် လွတ်လပ်သော မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းတို့ ဖြစ်သည်။

# ၂၀၂၃ ခုနှစ်၏ နောက်ဆုံး သုံးလပတ်ကာလ

## ဖမ်းဆီးခံရမှုများ နှင့် ထိန်းသိမ်းခံရမှု

စစ်တပ်အာဏာသိမ်းမှုနောက်ပိုင်းမှစတင်ကာ သတင်းထောက်များ အဖမ်းခံရလေ့ရှိသည့် ဖြစ်စဉ်ပုံစံများအတိုင်း ၂၀၂၃ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်းတွင်လည်း အမျိုးသားသတင်းထောက် ၄ ဦး နှင့် သတင်းမီဒီယာအဖွဲ့အစည်းတခု၏ လုံခြုံရေးဝန်ထမ်းတဦးတို့ အဖမ်းခံခဲ့ကြရသည်။ ဤနောက်ဆုံး သုံးလပတ်အတွင်းတွင်လည်း မှတ်တမ်းရုပ်ရှင်များကို ရိုက်ကူးဖန်တီးသူ အမျိုးသမီးတဦးလည်း ဖမ်းဆီးခံခဲ့ရသည်။

ရခိုင်အခြေစိုက် Development Media Group (DMG) သတင်းဌာနမှ သတင်းထောက် ကိုထက်အောင်သည် ၂၀၂၃ အောက်တိုဘာ ၂၉ တွင် ရခိုင်ပြည်နယ် စစ်တွေမြို့တွင် သီတင်းကျွတ်ပွဲတော် ဆွမ်းတော်ကြီးလောင်းလှူပွဲသတင်းကို မြေပြင်မှာ ရယူနေစဉ် ဖမ်းဆီးခြင်းခံခဲ့ရသည်။

၎င်းအား သတင်းရယူနေသော နေရာတွင်ပင် စစ်တပ်၏ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (စရဖ)၊ စစ်သားနှင့် ရဲများ ပါဝင်သော ပူးပေါင်းအဖွဲ့မှ ဖမ်းဆီးသွားခြင်းဖြစ်ပါသည်။ ဖမ်းဆီးခံရပြီးနောက်တွင် DMG ရုံးတည်နေရာကို အင်အားသုံးဖိအားပေးခြိမ်းခြောက် လမ်းညွှန်ခိုင်းပြီး သတင်းခန်းအပါအဝင် ရုံးတခုလုံးအား ဝင်ရောက်စီးနင်းမှု ပြုလုပ်ခဲ့ကြသည်။ သတင်းဌာနပိုင် ကင်မရာများ၊ ကွန်ပျူတာများကို သိမ်းဆည်းသွားကြပြီး ညစောင့်ဖြစ်သည့် ဝန်းထမ်းစိုးဝင်းအောင်ကိုလည်း ဖမ်းဆီးသွားခဲ့ကြသည်။ တခြားသော ရုံးဝန်ထမ်းများကလည်း အပြေးအလွှား ရှောင်တိမ်းကြရသည်။

အဖမ်းခံရပြီး နှစ်ရက်မြောက်နေ့တွင် သတင်းထောက် ထက်အောင်ကို ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၅ ဖြင့် တရားစွဲအမှုဖွင့်ပြီး “ဆက်သွယ်ရေးကွန်ယက်တခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင့်ထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း” ကို ကျူးလွန်သည်ဟုဆိုကာ စွပ်စွဲအရေးယူခဲ့သည်။

ထိုကဲ့သို့ ဖမ်းဆီးအရေးယူခံရခြင်းများသည် ရက္ခိုင့်တပ်တော် နှင့် မြန်မာစစ်တပ်အကြား တင်းမာမှုများနှင့် ထိတွေ့တိုက်ပွဲဖြစ်မှုများ မြင့်တက်လာသည့်အချိန်ဖြစ်သည့်အပြင် သတင်းရယူ

ရေးသားရန် အခက်ခဲဆုံးသော ကာလများဖြစ်သည့် ၂၀၂၃ ခုနှစ်နှောင်းပိုင်းလများအတွင်းတွင် ဖြစ်သည်။ နိုဝင်ဘာ ၁၃ ရက်နေ့မှ စတင်ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် နှစ်ဖွဲ့အကြား ရေးထိုးထားသည့် အပစ်အခက်ရပ်စဲရေးသဘောတူစာချုပ်လည်း ပျက်ပြယ်သွားခဲ့သည်။

တိုက်ပွဲများပြန်လည်မစတင်မီကပင် ပြည်နယ်အတွင်းရှိ သတင်းထောက်များအား ခရီးသွားစဉ်အခါများတွင် ပို၍တင်းကြပ်သည့် စစ်ဆေးမှုများကို ပြုလုပ်ခဲ့သည်။ မြန်မာစစ်တပ်၏ ရခိုင်ပြည်အစိုးရအဖွဲ့သည် နိုင်ငံတော်လုံခြုံရေးကိစ္စများနှင့်ပတ်သက်သော အမှုများကို ကျူးလွန်သည်ဟုဆိုကာ သတင်းထောက်အများအပြားပါဝင်သည့် စာရင်းကို ထုတ်ပြန်ခဲ့သည်။

အာဏာသိမ်းမှုဖြစ်စဉ် မတိုင်မီကပင် ရခိုင်ပြည်နယ်တွင် လွတ်လပ်စွာ သတင်းရေးသားတင်ဆက်မှုမှာ အခက်အခဲ၊ အကန့်အသတ်များစွာ ရှိခဲ့ပြီး ဥပမာအားဖြင့် ရိုဟင်ဂျာလူနည်းစုများ အတိဒုက္ခရောက်နေကြသည့် သတင်းများနှင့် ၎င်းတို့၏ အရေးကိစ္စများနှင့်ပက်သက်သော ရေးသားတင်ပြမှုများဖြစ်သည်။ မေလ ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားသည့် မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့်လည်း ရခိုင်ပြည်နယ်အတွင်းတွင် သွားလာ သတင်းရယူရေးသားရန်အတွက် ပို၍ကန့်သတ်ခြင်းကို ခံလိုက်ရသည်။

ဥပမာအားဖြင့် Myanmar Now သတင်းဌာနမှာ ဓာတ်ပုံသတင်းထောက် စိုင်းဇော်သိုက်သည် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများကို သတင်းရေးသားရန် ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့သည့်အတွက် မြန်မာစစ်တပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၎င်းသည် ဖမ်းဆီးခံရပြီး သုံးလကျော်အကြာတွင် သတင်းထောက်တယောက်အတွက် အပြင်းထန်ဆုံးနှင့် အကြီးလေးဆုံးသော ဥပဒေပုဒ်မများဖြင့် အရေးယူခြင်းကို ခံခဲ့ရပြီး လုံးခြုံရေးနှင့်သက်ဆိုင်သည့် ဥပဒေပုဒ်မလေးခုဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ် (၂၀) ချမှတ်ခံခဲ့ရသည်။

နိုင်ဝင်ဘာလ ၁၃ ရက်နေ့တွင်လည်း ရှမ်းပြည်နယ်တောင်ပိုင်းတွင် သတင်းထောက်တဦး ဖမ်းဆီးခြင်း ခံခဲ့ရသည်ကို ယုံကြည်ရသော သတင်းရင်းမြစ်များအရ သိရသည်။ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားလျက်ရှိသည့် ၎င်း၏ လုံခြုံရေးအခြေအနေကြောင့် ဤအစီရင်ခံစာတွင် ၎င်း၏ ကိုယ်ရေးအကြောင်းအရာများကို ဖော်ပြသွားမည် မဟုတ်ပါ။

ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် Dawei Watch သတင်းထောက်များဖြစ်သည့် မျိုးမြင့်ဦးနှင့် အောင်ဆန်းဦးတို့သည် မြိတ်မြို့ရှိ ၎င်းတို့၏ နေအိမ်အသီးသီးတွင် ဖမ်းဆီးခံခဲ့ရပါသည်။

သတင်းရေးသားမှုကြောင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း လာရောက်ဖမ်းဆီးချိန်တွင် မိသားစုကို ပြောဆိုခဲ့သည်။ မိသားစုများ၏ ပြောစကားအရ ၎င်းတို့၏ သတင်းတင်ဆက်မှုများကြောင့် သတင်းထောက်များ၏ လက်တော့ပ်များနှင့် ဖုန်းများကို သိမ်းဆည်းသွားပြီဖြစ်ကြောင်း စစ်တပ်က အကြောင်းကြားကြောင်း သိရှိရသည်။

၎င်းတို့နှစ်ဦးကို အကြမ်းဖက်မှုပုဒ်မအသီးသီးအောက်တွင် အရေးယူတရားစွဲခြင်း ခံထားကြရသည်။ နှစ်ဦးစလုံးပင် ရာဇသတ်ကြီးပုဒ်မ ၅၂ (က) နှင့် (ခ) တို့ဖြင့်လည်း တရားစွဲခြင်းခံထားရပြီး အကြမ်းဖက်မှုလုပ်ငန်းများကို စီစဉ်ခြင်း၊ ပါဝင်လုပ်ဆောင်ခြင်းများကြောင့်ဟုဆိုကာ စွပ်စွဲအရေးယူထားသည်။ မျိုးမြင့်ဦးကို အကြမ်းဖက်မှုလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှုဖြင့်လည်း အကြမ်းဖက်တိုက်ဖျက်ရေးပုဒ်မ ၅၀ (ည) ဖြင့် ထပ်မံတရားစွဲဆိုထားတယ်။

အောက်တိုဘာလ ၁၅ ရက်နေ့တွင် သတင်းထောက်ဟောင်းလည်းဖြစ်သူဖြစ်သည့် ရုပ်ရှင်မှတ်တမ်း ဖန်တီးရိုက်ကူးသူ ရှင်ဒေဝီသည် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်အတွင်းတွင် အွန်လိုင်းမှ မှာဝယ်ထားသည့် ၎င်း၏ ရိုက်ကူးရေးသုံး ဒရုန်းစက်ပစ္စည်းများကို သွားယူနေစဉ် အတွင်း ဖမ်းဆီးခြင်း ခံခဲ့ရသည်။ မြန်မာနိုင်ငံအတွင်းတွင် ထိုကဲ့သို့သော ဒရုန်းစက်ပစ္စည်းများ လက်ဝယ်ပိုင်ဆိုင်မှုများကို တားဆီးပိတ်ပင်ထားသည်။

ထို့အပြင် ရှင်ဒေဝီသည် အင်းစိန်ထောင်သို့ ရွှေ့ပြောင်းပို့ဆောင်ခြင်းမခံရမီ ရဲများက အမည်မသိရသည့် နေရာတခုသို့ ခေါ်ဆောင်သွားပြီး သီတင်းပတ်နှစ်ပတ်ခန့် ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံရသည်ကို ၎င်း၏ ယောကျ်ားဖြစ်သူ ကိုဦး၏ မီဒီယာများသို့ [ပြောကြားချက်အရ](#) သိရှိရသည်။ ကိုဦး၏ ပြောပြချက်အရ ရှင်ဒေဝီ၏ ဦးခေါင်းနှင့် လက်မောင်းများတွင် ချုပ်ရိုးချုပ်ရာများနှင့် ရှိုးရာများကို တွေ့ရှိရသည့် အကြောင်းများပါဝင်သည်။ (၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင်၊ ရှင်ဒေဝီကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများကို ကျူးလွန်သဖြင့် အပြစ်ရှိသည်ဟုဆိုကာ ထောင်ဒဏ် တသတ်တကျွန်းချမှတ်ခြင်းကို ခံခဲ့ရသည်။ အသေးစိပ်ဆွေးနွေးချက်များကို ၂၀၂၄ ခုနှစ် ပထမ သုံးလပတ်အစီရင်ခံစာတွင် ရေးသားထုတ်ပြန်သွားပါမည်။)

၂၀၂၃ ခုနှစ် နောက်ဆုံးသုံးလပတ်အတွင်းတွင် တရားစွဲဆို အမိန့်ချစီရင်မှုများကို မတွေ့ခဲ့ရပါ။

## သေဆုံးမှုများ

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ထာဝရငြိမ်းချမ်းရေးသတင်းကွန်ရက် (EPN) မှ သတင်းထောက် ခင်မောင်ဦးသည် ကချင်ပြည်နယ်မြောက်ပိုင်းရှိ မိုးညှင်းမြို့နယ်တွင် အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီးနောက်တွင် သတ်ဖြတ်ခြင်းကိုပါ ခံလိုက်ရသည့် အကြောင်းကို ဒေသအခြေစိုက်သတင်းများအရ သိရသည်။

ထာဝရငြိမ်းချမ်းရေးသတင်းကွန်ရက်သည် ၂၀၀၉ ခုနှစ်တွင် စစ်တပ်နှင့် အပစ်အခတ် လက်မှတ်ထိုးထားသော ကချင် - ဒီမိုကရက်တစ် တပ်မတော်မှ ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ခင်မောင်ဦး၏ သေဆုံးမှုကို ဒေသသတင်းရင်းမြစ်များတွင် အတိပြုထားပြီးဖြစ်သော်လည်း ၎င်း၏ သေဆုံးမှု အတွက် မည်သည့်အစုအဖွဲ့မှ တာဝန်ရှိသည်ကို လက်ရှိအချိန်အထိ သိရှိရခြင်း မရှိသေးပါ။

၎င်း၏ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့သည့် The 74 Media သတင်းဌာနမှ ရေးသား ဖော်ပြထားသည်မှာ ခင်မောင်ဦး သည် အခင်းဖြစ်ပွားသည့် အချိန်တွင် ထာဝရငြိမ်းချမ်းရေး သတင်းကွန်ယက်၏ ဝန်ထမ်းတဦး မဟုတ်တော့သည့်အကြောင်းကို ရေးသားထားသည်။

## မဲခေါင်သတင်းဌာန၏ လုပ်ငန်းလိုင်စင် ပိတ်ပင်ခံရခြင်း

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် မြန်မာစစ်တပ်၏ ပြန်ကြားရေးဝန်ကြီးဌာနသည် မဲခေါင် သတင်းဌာန၏ လုပ်ငန်းလိုင်စင်ကို ပိတ်သိမ်းခဲ့သည်။

စစ်တပ်၏ ဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားချက်အရ မဲခေါင်သတင်းဌာန၏ တင်ဆက်မှုများ သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၏ ပုဒ်မ ၈ (ပုဒ်မခွဲ ခ) နှင့် ကိုက်ညီဆီလျော်မှုမရှိ သည့်အတွက် နိုင်ငံတော်၏ လုံခြုံမှုများ၊ တရားဥပဒေစိုးမိုးမှုများ၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးများနှင့် အခြားသော ချိုးဖောက်မှုများကို ကျူးလွန်သည့်အတွက် အရေးယူခြင်း ဖြစ်သည့်အကြောင်းကို ထုတ်ပြန်ထားသည်။ ဤဖြစ်စဉ်သည် ၂၀၂၃ ခုနှစ်အတွင်းတွင် ကြုံရသည့် သတင်းဌာနများ၏ လုပ်ငန်းလိုင်စင်ကို ပိတ်သိမ်းသည့် တခုတည်းသော ဖြစ်ရပ်ဖြစ်သည်။

မဲခေါင်သတင်းဌာနသည် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် ၂၀၁၉ ခုနှစ်တွင် စတင်တည်ထောင် ခဲ့ပြီး လက်ရှိတွင် သတင်းလုပ်ငန်းများကို မြန်မာနိုင်ငံပြင်ပမှနေ၍ လည်ပတ်လုပ်ဆောင်လျက် ရှိသည်။

# အတွေးအမြင် - ၂၀၂၃ ခုနှစ်နှင့် ၂၀၂၁ မှ စတင်ခဲ့သည့် အခြေအနေများ

၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် သတင်းထောက်နှင့် မီဒီယာလုပ်သား ၁၃ ဦး အဖမ်းခံခဲ့ရသည်။ အဖမ်းခံရသူများ၏ ၉၃ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ကြသည်။ ၎င်းတို့ထဲမှ အများစုမှာ (သို့မဟုတ် ၇၃ ရာခိုင်နှုန်းမှာ) သတင်းထောက်များနှင့် ဓာတ်ပုံသတင်းထောက်များဖြစ်ကြပြီး၊ ၁၃ ရာခိုင်နှုန်းသော အယ်ဒီတာများနှင့် အခြားသော ၁၃ ရာခိုင်နှုန်းမှာ ထုတ်ဝေသူများနှင့် တွဲဖက်တည်ထောင်သူများဖြစ်ကြသည်။

ယခုနှစ်အတွင်းတွင် သတင်းထောက် စုစုပေါင်း ၁၇ ဦး ပြန်လည်လွတ်မြောက်လာပြီး၊ ယေဘုယျအားဖြင့် ပြည်သူ့အားလပ်ရပ်များဖြစ်သည့် သီတင်းကျွတ်ကာလများ၊ မြန်မာ့နှစ်သစ်ကူးကာလများ၊ လွတ်လပ်ရေးနေ့နှင့် ဗုဒ္ဓဘာသာနှင့်ဆိုင်သည့် အားလပ်ရပ်များတွင် မြန်မာစစ်တပ်မှ ထုတ်ပြန်ကြေညာသည့် လွတ်ငြိမ်းချမ်းသာခွင့်များတွင် လွတ်မြောက်လာခဲ့ကြခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်၊ နှစ်ဆုံးသည့်အချိန်တွင် သတင်းထောက်များနှင့် သတင်းမီဒီယာသမားများ ၆၄ ဦး (ထိုအထဲမှ ၈၂ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်သည်) မှာ အကျဉ်းချထားခြင်း (သို့မဟုတ်) အကျဉ်းထောင်များတွင် ထိန်းသိမ်းအရေးယူခြင်း ခံထားကြရသည်။

၂၀၂၃ ခုနှစ်ကာလအထိ အချိန်အကြာဆုံး ထိန်းသိမ်းဖမ်းဆီးထားခြင်း ခံရသူမှာ ကမာရွတ်မီဒီယာကို ပူးတွဲတည်ထောင်သူဖြစ်သည့် ဟန်သာညိန်း ဖြစ်သည်။ ၎င်းသည် ထိုသတင်းဌာန၏ အယ်ဒီတာချုပ်ဖြစ်သည့် နေသန်မောင်နှင့်အတူ အာဏာသိမ်းမှုဖြစ်စဉ်အပြီး တလအကြာ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။ ယခုအချိန်အထိဆိုလျှင် ဟန်သာညိန်းသည် အကျဉ်းထောင်အတွင်းတွင် ရက်ပေါင်း ၁၀၀၀ ထက်မက ထိန်းသိမ်းထားရသည်။

ထိုသတင်းထောက်နှစ်ဦးသည် မြန်မာစစ်တပ်မှ ကမာရွတ်သတင်းမီဒီယာတိုက်ကို တင့်ကားရှစ်စီးပါသည့် စစ်သားများဖြင့် နှစ်နာရီတိုင်တိုင် ဝင်ရောက်ပိတ်ဆို့စစ်ဆေးရှာဖွေစဉ်အတွင်း ဖမ်းဆီးခံခဲ့ကြရခြင်းဖြစ်သည်။

နေသန်မောင်သည် ထောင်ဒဏ်စုစုပေါင်း ခုနစ်နှစ် ချမှတ်ခြင်းခံထားရပြီး [ဆက်သွယ်ရေးပုဒ်မ ၃၃ (က)](#) ဖြစ်သည့် "နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို

ထိခိုက်စေသည့် ပြုလုပ်မှု တရပ်ရပ် ကို ပြုလုပ်ခြင်း" ကို ကျူးလွန်သည့်အတွက် ထောင်ဒဏ် ငါးနှစ်နှင့် အခြားသော နှစ်နှစ်မှာ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် စစ်တပ်ကို ဆန့်ကျင်သည့် သတင်းတုသတင်းမှားများကို ဖြန့်ဝေသည့်အတွက်ကြောင့်ဟုဆိုကာ အရေးယူခြင်းခံခဲ့ရသည်။

ပြုစုကောက်ယူရရှိထားသော စာရင်းများအရ အာဏာသိမ်းပြီးသည့် အချိန်မှစ၍ ဖမ်းဆီးအရေးယူ ခံရသူ သတင်းထောက်များနှင့် သတင်းမီဒီယာသမားများ စုစုပေါင်း ၂၀၂ ဦးအထိ ရှိပြီး၊ တရားစွဲ အရေးယူအမိန့်ချ ခံရပြီးသူ ၆၇ ဦးနှင့် ပြန်လည်လွတ်မြောက်လာသူ ၁၃၈ ဦး ရှိသည်။

အာဏာသိမ်းပြီးသည့် အချိန်မှစ၍ ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ သတင်းထောက်ခြောက်ဦး သေဆုံးခဲ့ ရပြီး ဖြစ်သည်။ ၎င်းတို့အထဲတွင် တဦးမှာ စိုးနိုင်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် စစ်တပ်၏ စစ်ကြောရေးစခန်းတွင် သေဆုံးခဲ့ရသည်။ နှစ်ဦးမှာ အေးစိုင်းကေ နှင့် Pu Duidim တို့ ဖြစ်ပြီး ပဋိပက္ခတိုက်ပွဲများအတွင်း အသက်ဆုံးရှုံးခဲ့ကြရသည်၊ အခြားသော သတင်းထောက် သုံးဦးမှာ စစ်တပ်ထောက်ခံသူများနှင့် ဆက်စပ်မှုရှိသည်ဟု ယုံကြည်ထားခြင်းခံကြရသူများ ဖြစ်သည်။ ၎င်းတို့မှာ ကချင်ပြည်နယ်မှ သန်းထွန်းအောင်နှင့် ခင်မောင်ဦး၊ ကရင်ပြည်နယ်မှာ မင်းသူလှိုင်တို့ ဖြစ်ကြပြီး ၎င်းတို့အားလုံးသည် အမည်မသိရသော လက်နက်ကိုင် အဖွဲ့အစည်းများ ၏ သတ်ဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်တွင် ခံခဲ့ကြရသည်။

**မြန်မာပြည်တွင်း မီဒီယာဖိနှိပ်မှုများကို စောင့်ကြည့်စစ်ဆေးခြင်း**

| | ၂၀၂၃ | | ၂၀၂၁ စစ်တပ် အာဏာသိမ်းမှု - ၂၀၂၃ ဒီဇင်ဘာ | | |
|---|---|---|---|---|---|
| | အောက်တိုဘာ- ဒီဇင်ဘာ | ဇန်နဝါရီ- ဒီဇင်ဘာ | စုစုပေါင်း | အမျိုးသမီး | အမျိုးသား |
| **သတင်းထောက်များနှင့် သတင်းမီဒီယာသမားများ** | | | | | |
| **ဖမ်းဆီးခံရမှု** | ၅ | ၁၃ | ၂၀၂ | ၂၉ | ၁၇၃ |
| **ဖမ်းဆီးခံရမှုနှင့် ပြစ်ဒဏ် ချမှတ်ခံနေရမှု** | | ၆၄ | ၆၄ | ၆ | ၅၈ |

| | ၂၀၂၃ | | ၂၀၂၁ စစ်တပ် အာဏာသိမ်းမှု - ၂၀၂၃ ဒီဇင်ဘာ | | |
|---|---|---|---|---|---|
| | အောက်တိုဘာ- ဒီဇင်ဘာ | ဇန်နဝါရီ- ဒီဇင်ဘာ | စုစုပေါင်း | အမျိုးသမီး | အမျိုးသား |
| ပြန်လည် လွှတ်မြောက်လာမှု | | ၁၇ | ၁၃၈ | ၂၃ | ၁၁၅ |
| သေဆုံးမှု | ၁ | ၃ | ၆ | - | ၆ |
| စီရင်ချက်ချခံရပြီးသူ | - | ၆ | ၆၇ | ၁၂ | ၅၅ |
| သတင်း နှင့် အခြားသောလိုင်စင်များ | | | | | |
| သတင်းလုပ်ခွင့် ပိတ်သိမ်းခံရမှု | ၁ | ၂ | ၁၅ | | |
| သတင်းထုတ်လုပ်ခွင့်နှင့် ဖြန့်ချိခွင့်များ ရုတ်သိမ်းခံရမှု | | | ၉ | | |

၂၀၂၃ တွင် သတင်းထောက် ၆ ဦးကို အရေးယူ စီရင်မှု အကြိမ်ရေ ၉ ကြိမ်ရှိခဲ့ပြီး တချို့ သတင်းထောက်များကို စွဲချက်ပေါင်းများစွာဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ အာဏာသိမ်းမှုဖြစ်ပွားသည့် အချိန်မှစတင်၍ သတင်းထောက် ၆၇ ယောက်သည် ဥပဒေမျိုးစုံအောက်တွင် စွဲချက်မျိုးစုံဖြင့် စီရင်ချက်ချမှတ်ခံခဲ့ကြရပြီး အများစုမှာ လုံခြုံရေးနှင့်ဆက်စပ်သည့် ဥပဒေပုဒ်မများဖြင့် အရေးယူမှုကို ခံခဲ့ကြရသည်။

Myanmar Now သတင်းထောက် စိုင်းဇော်သိုက်မှာ နှစ်အရှည်ဆုံးဖြစ်ပြီး စုစုပေါင်းပြစ်ဒဏ် ထောင်ဒဏ် နှစ် (၂၀) အထိ အရေးယူအမိန့်ချခြင်းခံခဲ့ရသည်။ ၎င်းကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က၊ နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ပုဒ်မ ၁၂၄က၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)၊

သဘာဝဘေးအန္တရာယ် ဥပဒေ ပုဒ်မ ၂၇ စသည့် စွဲချက်များစွာဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခြင်းခံခဲ့ရသည်။

ဒုတိယထောင်ဒဏ်နှစ်အရှည်ဆုံး ချမှတ်ခံရသူမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် စုစုပေါင်း ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခံထားရပြီး Ayeyarwaddy Times၊ Burma News International နှင့် Delta News Agency စသည့် သတင်းဌာနများတွင် အလွတ်တန်း သတင်းထောက်အနေဖြင့် လုပ်ကိုင်ခဲ့သည့် သတင်းထောက် မျိုးစံစိုး ဖြစ်သည်။ ၎င်းသည် ဧရာဝတီတိုင်း မြေပုံမြို့နယ်တွင် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများဖြစ်သည့် ပုဒ်မ ၅၀ (ည) ဖြင့် ထောင်ဒဏ် (၁၀) နှစ်နှင့် ပုဒ်မ ၅၂ (က) ဖြင့် ထောင်ဒဏ် (၅) နှစ် ချမှတ်ခြင်း ခံခဲ့ရသည်။

ထိုကဲ့သို့ ကြီးလေးသော ထောင်ဒဏ်များကို ချမှတ်ခြင်းခံရသည့် နောက်တဦးမှာ Myanmar Pressphoto Agency ၏ သတင်းထောက် မှူးရတနာခက်မို့မို့ထွန်း ဖြစ်သည်။ သူမအား မေလ ၂၆ ရက်နေ့တွင် စုစုပေါင်း ထောင်ဒဏ် ၁၃ နှစ် ချမှတ်ခဲ့ခြင်း ဖြစ်သည်။ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (ည) ဖြင့် ထောင်ဒဏ် ၁၀ နှစ်နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် ထောင်ဒဏ် ၃ နှစ်၊ စုစုပေါင်း ထောင်ဒဏ် ၁၃ နှစ် ချမှတ်ခြင်း ခံခဲ့ရသည်။

၂၀၂၃ စီရင်ချက်များကို အောက်တွင် စီစစ်တင်ပြသထားသော ဥပဒေပုဒ်မ ၅ ရပ်အောက်တွင် အသီးသီးစွဲချက်တင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အောက်တွင် အရေးယူအမိန့်ချခံရသည်မှာ အများဆုံးဖြစ်ပြီး ဒုတိယအများဆုံး အသုံးပြုခဲ့သည်မှာ နိုင်ငံတော်အကြည်ညိုပျက်စေမှုဥပဒေ ပုဒ်မ ၁၂၄ က ဖြစ်သည်။

**သတင်းထောက်များကို စွဲချက်တင်သော ဥပဒေများ၊ ၂၀၂၃**

| စွဲချက်တင်ရာတွင် အသုံးပြုသော ဥပဒေများ | ပြစ်ဒဏ်ချခံရသော အရေအတွက် |
|---|---|
| **အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ** | ၁ |
| **သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ဥပဒေ** | ၁ |

| | |
|---|---|
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၂၄က | ၂ |
| ရာဇသတ်ကြီးဥပဒေ ပုဒ်မ၅၀၅က | ၅ |
| ဆက်သွယ်ရေးဥပဒေ | ၁ |
| စုစုပေါင်း | ၉ |

*မှတ်ချက်- စီရင်ချမှတ်ခဲ့ စီရင်ချက် ၉ ခုမှာ သတင်းထောက် ၆ ဦးအပေါ်တွင် ဖြစ်သည်။*

**ထောင်ဒဏ်ချမှတ်ခံရသော သတင်းထောက် အရေအတွက်စာရင်း၊ ၂၀၂၃**

| ထောင်ဒဏ်ကျခံနှစ် | ပြစ်ဒဏ်ချခံရသော သတင်းထောက် အရေအတွက် |
|---|---|
| ၀-၃နှစ် | ၃ |
| ၄-၁၀နှစ် | ၁ |
| ၁၁-၁၅ နှစ် | ၁ |
| ၁၅-၂၀ နှစ် | ၁ |

သတင်းအဖွဲ့အစည်းတခုဖြစ်သည့် မဲခေါင်သတင်းဌာန၏ လုပ်ငန်းလိုင်စင်ကို ၂၀၂၃ ခုနှစ်တွင် ပိတ်သိမ်းလိုက်ပြီး ဤလုပ်ရပ်သည် ရွှေ၀တီသတင်းဌာန၏ လုပ်ငန်းလိုင်စင်ကို ပိတ်သိမ်းပြီး တနှစ်ခန့်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အာဏာသိမ်းပြီး အချိန်မှစ၍ မြန်မာစစ်တပ်သည် သတင်းဌာန ၁၅ ခု၏ လုပ်ငန်းလိုင်စင်များကို ပိတ်သိမ်းခဲ့ပြီး၊ သတင်းထုတ်လုပ်ခွင့်နှင့် ဖြန့်ချိခွင့်များ (၉) ခုကိုလည်း ပိတ်သိမ်းခဲ့သည်။

၂၀၂၃ ခုနှစ်၏ ထူးခြားဖြစ်ရပ်များအနေဖြင့် နိုင်ငံအဝန်းတွင် စစ်ပွဲထိတွေ့မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာသည်နှင့်အမျှ သတင်းရေးသားတင်ဆက်မှုအပေါ် သက်ရောက်စေခဲ့သည့် အကြောင်းများနှင့် ထိုအခက်အခဲများကြားမှ သတင်းလုပ်ငန်းများ ဆက်လက်ရပ်တည် လည်ပတ်နိုင်ရန်အတွက် အားထုတ်မှုများစွာ ရှိခဲ့သည့်အကြောင်းများဖြစ်သည်။ မြန်မာသတင်းထောက်

များနှင့် သတင်းဌာနအဖွဲ့အစည်းအသီးသီးတို့က လွတ်လပ်သော သတင်းမီဒီယာလုပ်ငန်းများ၊ သတင်းစာပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အဖွဲ့အစည်းများအကြား ပို၍ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်သစ်များနှင့် မိတ်ဆက်အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ မြေပြင်ဒေသများတွင် လှုပ်ရှားဆောက်ရွက်လျက်ရှိသည့် Citizen Journalist များအပါအဝင် သတင်းထောက်များအတွက် လုံခြုံရေးစိန်ခေါ်ချက်များသည် စစ်ပွဲပဋိပက္ခများ ပိုမိုဖြစ်ပွားလာသည်နှင့်အမျှ (လက်ရှိတွင် တနိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ၉၀ ရာခိုင်နှုန်းသော မြို့နယ်များတွင် တိုက်ပွဲများ၏ သက်ရောက်မှုရှိသည်) ပို၍ မြင့်တက်လာခဲ့သည်။ ယခင်ဆယ်စုနှစ်များအတွင်း ပဋိပက္ခစစ်ပွဲများနှင့် ကြုံတွေ့ခဲ့ရခြင်းမရှိသည့် စစ်ကိုင်းကဲ့သို့သော အလယ်ပိုင်းဒေသများလည်း ပါဝင်သည်။

အချို့သော သတင်းထောက်များက ပြည်တွင်းမှနေ၍ သတင်းရေးသားခြင်း လုပ်ငန်းများကို လျှို့ဝှက်စွာ ဆက်လက်လုပ်ကိုင်လျက်ရှိကြသည်။ သို့သော်လည်း သတင်းထောက်အများစုအတွက်မူ ပြင်းထန်သည့် ပဋိပက္ခစစ်ပွဲများကြောင့် သတင်းရယူခြင်းများနှင့် အတည်ပြုခြင်းများကို ပြုလုပ်ရန်အတွက် အခက်အခဲများစွာ တွေ့ကြုံလျက်ရှိသည်။ ၎င်းတို့သည် သတင်းအရင်းအမြစ်များကို အတည်ပြုရေးသားထုတ်ပြန်နိုင်ရန်အတွက် မြန်မာစစ်တပ်အပါအဝင် လက်နက်ကိုင်ခုခံတော်လှန်လှုပ်ရှားသည့် အဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များနှင့် ထိတွေ့ဆက်ဆံမှုများပြုလုပ်ရပြီး ထိုသို့ပြုလုပ်ရာတွင် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို ထိန်းသိမ်းထားရန် အခက်အခဲများ ကြုံတွေ့ရသည်။ လုံခြုံရေးအကြောင်းပြချက်များကြောင့် အချို့သော သတင်းထောက်များက ပြည်တွင်းမှ စွန့်ခွာခဲ့ကြရသည့်တိုင် ထိုကဲ့သို့စွန့်ခွာတိမ်းရှောင်ခဲ့ရသဖြင့် ၎င်းတို့၏ မိသားစုဝင်များကို ပို၍ အကျပ်အတည်း အခက်အခဲစိန်ခေါ်မှုများကို ဖြစ်စေခဲ့သည်များလည်း ရှိသည်။ အချို့ကလည်း သတင်းထောက်အလုပ်ကို စွန့်ခွာသွားကြပြီး နိုင်ငံအတွင်းတွင်ပင် ဝင်ငွေရရှိမည့် အခြားလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။။

၂၀၂၃ ခုနှစ် နှောင်းပိုင်းကာလများတွင် မြန်မာ့အရေးသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြောက်ပိုင်း ညီနောင်မဟာမိတ်သုံးဖွဲ့မှ အောက်တိုဘာလတွင် ပူးတွဲဆင်နွှဲသည့် ၁၀၂၇ စစ်ဆင်ရေးကြောင့် နိုင်ငံတကာသတင်းစာမျက်နှာများထက်တွင် ဝေဝေဆာဆာပြန်လည် ဖော်ပြခြင်း ခံခဲ့

ရသည်။ ထိုညီနောင်မဟာမိတ်သုံးဖွဲ့တွင် ရက္ခိုင့်တပ်တော်၊ တအောန်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော်တို့ ပါဝင်ကြပြီး တိုက်ပွဲအများစုတွင် မြန်မာစစ်တပ်က ထိန်းချုပ်ထားသည့် မြို့များ၊ စစ်သားများနှင့် အရာရှိများ၏ လက်နက်ချအညံ့ခံခြင်းများစွာ ရှိခဲ့သည့်အတွက် အောင်မြင်မှုများ ရရှိခဲ့သည့် သတင်းထုတ်ပြန်ချက်များစွာ ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခပြဿနာများနှင့် ပတ်သက်သော အတင်းအချက်အလက်များကို အစီခံနိုင်ရန်နှင့် သတင်းထောက်များ၏ လုံခြုံရေးအခြေအနေများကို အထောက်အပံ့ပေးနိုင်ရန်အတွက် များစွာလိုအပ်လျက်ရှိသည်။ သို့ရာတွင်လည်း နိုင်ငံတကာအခင်းအကျင်းအခြေအနေများအရ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများနှင့် လူသားချင်းကိုယ်ချင်းစာနာမှုအထောက်အပံ့များဆိုင်ရာ ပြဿနာများကြောင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ရရှိသည့်ငွေကြေးပိုင်းဆိုင်ရာအထောက်အပံ့များတွင် အကန့်အသတ်များစွာ ရှိခဲ့သည့်အတွက် သတင်းမီဒီယာအဖွဲ့အစည်းများအပေါ်တွင်လည်း သက်ရောက်မှုများစွာ ရှိစေခဲ့သည်။

တချိန်တည်းမှာပင် ကျရှုံးမှုများကြောင့် မြန်မာစစ်တပ်မှ ထိန်းချုပ်ထားသော နယ်မြေများသည် “လွတ်မြောက်နယ်မြေများ”အဖြစ်သို့ ရောက်ရှိလာခဲ့ကြသဖြင့် ဒေသအခြေစိုက် သတင်းထောက်များအတွက် လွတ်လပ်စွာသွားလာလှုပ်ရှားခွင့် ပိုမိုရရှိလာခဲ့ကြသည်။

မြန်မာ့မီဒီယာများ၏ သတင်းတင်ဆက်ထုတ်ပြန်မှုများသည် ပဋိပက္ခများ၊ လက်နက်ကိုင်စစ်ပွဲများနှင့် သက်ဆိုင်သည့် သတင်းများကိုသာ အဓိကထား၍ နေ့စဉ်ဖော်ပြနေကြရသည့် တချိန်တည်းမှာပင် မြန်မာပြည်သူလူထုအတွက် အခြားသော အရေးတကြီး ဖော်ထုတ်စုံစမ်းရေးသားရန်လိုအပ်သည့် အကြောင်းအရာများဖြစ်သည့် စီးပွားရေးအကျပ်အတည်း အခက်အခဲများ၊ ပညာရေးနှင့် အခြားသော နိစ္စဓူဝပြဿနာများကိုလည်း ရှုထောင့်ပေါင်းစုံမှ စုံစမ်းဖော်ထုတ် သုံးသပ်ရေးသားပြရန် လိုအပ်လျက်ရှိသည့်အကြောင်းကို ထိုင်းနိုင်ငံရှိ ပြည်ပအခြေစိုက် သတင်းဌာနတခုမှ အယ်ဒီတာချုပ်တဦးက ဆွေးနွေးသုံးသပ် ထောက်ပြထားသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားသည့် အချိန်မှစတင်ကာ တိုင်းပြည်အတွင်းမှနေ၍ သတင်းမီဒီယာလုပ်ငန်းများကို မြေပြင်လှုပ်ရှားမှုလုပ်ငန်းများအနေဖြင့် လုပ်ကိုင်ရာတွင် တွေ့ကြုံရသည့်လုံခြုံရေးသာမက အသက်မွေးဝမ်းကြောင်းပြဿနာများအပါအဝင် အခြားကြီးမားသော စိန်ခေါ်မှု

အခက်အခဲများသည် သတင်းထောက်များအား ၎င်းတို့၏ လုပ်ငန်းနယ်ပယ်များကို စွန့်ခွာစေရန် အခြေအနေများစွာ ဖြစ်စေခဲ့သည်။ အာဏာသိမ်းမှုဖြစ်စဉ် မတိုင်မီ ရှိခဲ့သည့် သတင်းထောက် အရေအတွက် ၄၀၀၀ ဦးရေနှင့် နှိုင်းယှဉ်လျှင် လက်ရှိကာလတွင် မြန်မာသတင်းထောက်ဦးရေ ခန့်မှန်း အရေအတွက်အားဖြင့် ၁၀၀၀ ခန့်ရှိသည့်အကြောင်း သို့မဟုတ် "ထို့ထက်ပို၍ပင် အရေ အတွက်အားဖြင့် နည်းနိုင်သည့်" အကြောင်းကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ မြန်မာအယ်ဒီတာချုပ် တဦးမှ ခန့်မှန်းထားသည်။ ထိုအရေအတွက်များထဲမှ ၃၀၀ ခန့်သည် ပြည်ပနိုင်ငံများတွင် နေထိုင် လျက် သတင်းလုပ်ငန်းများ လုပ်ကိုင်နေကြရသည့်အကြောင်းကို ၎င်း၏ ပြောပြချက်အရ သိရ သည်။

အာဏာသိမ်းမှုဖြစ်ပွားပြီးသည့်အချိန်မှစ၍ သတင်းခန်းများအပါအဝင် သတင်းဌာနအများစု၏ သတင်းတင်ဆက်ထုတ်ပြန်မှုများကို [ပြည်ပနိုင်ငံများမှနေ၍](#) ပြုလုပ်ခဲ့ကြရသည်။ အဓိကကျသည့် သတင်းဌာနအဖွဲ့အစည်းကြီးများအားလုံးနှင့် သတင်းဌာနအဖွဲ့အစည်းငယ်များစွာက တတိယ နိုင်ငံ တခုခုသို့ ပြန်လည်ရွှေ့ပြောင်းအခြေစိုက်ခဲ့ရပြီး အများစုမှာ ထိုင်းနိုင်ငံတွင် ဖြစ်သည်။ သတင်းများကို ဆက်လက်တင်ဆက်ထုတ်ပြန်နိုင်ရန်အတွက် ပြည်တွင်းရှိ Citizen Journalist များနှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရသည်။

တချိန်တည်းမှာပင် လက်ရှိကာလအတွင်း လွတ်လပ်သည့် သတင်းမီဒီယာအဖွဲ့အစည်းပေါင်း များစွာကလည်း ပုံစံမျိုးစုံဖြင့် ပေါ်ပေါက်လျက်ရှိသည့်အကြောင်းကို အယ်ဒီတာချုပ်တဦးမှ ထောက်ပြဆွေးနွေးထားသည်။ ထိုသို့ဖြစ်လာရခြင်းအကြောင်းရင်းမှာ ကုန်ကျစရိတ်များစွာ မလို အပ်ပဲ ဆိုရှယ်မီဒီယာများကို အသုံးပြု၍ သတင်းစာမျက်နှာများ တည်ထောင်ရန် လွယ်ကူလာခြင်း ကြောင့် ဖြစ်နိုင်သည့်အကြောင်းကို ၎င်းက ဆက်လက်ရှင်းပြသည်။

၂၀၂၃ ခုနှစ်တွင် မြန်မာသတင်းထောက်များနှင့် သတင်းဌာန အဖွဲ့အစည်းများမှ သတင်းစာ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လွတ်လပ်သည့် သတင်းမီဒီယာရပ်ဝန်းကို မြှင့်တင်ရန် နှင့် အဖွဲ့အစည်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အစပျိုးစုဖွဲ့မှုအသစ်များ ကို ဖွဲ့စည်းခဲ့ကြသည်။

သတင်းထောက်များကို အကာအကွယ်ပေးနိုင်ရန်အတွက် လုံခြုံရေးအထောက်အပံ့များပေးခြင်း၊ အသိပညာပေးမြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်ပေးခြင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ရန်

နည်းလမ်းများ ဖန်တီးပေးခြင်းများနှင့် စည်းမျဉ်းစည်းကမ်းဥပဒေများနှင့် ပေါ်လစီများအတွက် စည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် လွတ်လပ်သော မြန်မာသတင်းစာဆရာများ အစည်းအရုံး (IMJA) ကို ဇွန်လ ၂၀၂၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ အစည်းအဝေး တခုတွင် မြန်မာနိုင်ငံ ပြည်တွင်းပြည်ပ ဒေသအသီးသီးမှ တက်ရောက်လာကြသည့် ၇၇ ဦးသော သတင်းထောက်များ နှင့် သတင်းဌာနအဖွဲ့အစည်း ၃၈ ခုမှ ကိုယ်စားလှယ်များမှ အမှုပြု၍ လွတ်လပ်သော မြန်မာသတင်းမီဒီယာကောင်စီ (IPCM) ကို ဖွဲ့စည်းခဲ့သည်။ သတင်းမီဒီယာ ကောင်စီ၏ ရည်ရွယ်ချက်မှာ သတင်းမီဒီယာလွတ်လပ်ခွင့်၊ ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများ နှင့် သတင်းထောက်များအတွက် အကာအကွယ်ပေးမှုများကို မြှင့်တင်ပေးနိုင်ရန်ဖြစ်သည်။ အာဏာသိမ်းမှုဖြစ်စဉ်မတိုင်မီ မြန်မာနိုင်ငံ၌ သတင်းစာကောင်စီရှိခဲ့ဖူးပြီး နောက်ပိုင်းကာလတွင် မြန်မာစစ်တပ်၏ သတင်းအချက်အလက်ဖြန့်ဝေရန်အတွက် အစိတ်အပိုင်းဌာနတခုအဖြစ်သို့ ရောက်ရှိသွားခဲ့ရသည်။

ဇွန်လတွင် ဖွဲ့စည်းခဲ့သည့် Burma Media Consortium (BMC) အဖွဲ့သည်လည်း သတင်း အေဂျင်စီအဖွဲ့ ကိုးဖွဲ့မှ စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပြီး မှန်ကန်တိကျ ဘက်လိုက်မှုကင်းပြီး လွတ်လပ်မှုရှိသော သတင်းများကို ရေးသားတင်ဆက်ထုတ်ပြန်နိုင်ရန်၊ တိုင်းပြည်၏ စုံလင်ကွဲပြား သော တိုင်းရင်းသားလူမျိုးအသီးသီး၏ ဖြစ်တည်မှုများကို အသိအမှတ်ပြု မြှင့်တင်ပေးရန်၊ သတင်းထောက်များနှင့် သတင်းမီဒီယာအဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုစွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့်အကြောင်းကို အဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ရေးသားထားသည်။ အဖွဲ့၏ အကြောင်းအရာများနှင့် လုပ်ငန်း ဆောင်တာများကိုလည်း ၎င်းတို့၏ Facebook လူမှုစာမျက်နှာနှင့် Telegram စာမျက်နှာများတွင် မျှဝေကြေညာထားသည်။

အာဏာသိမ်းမှုဖြစ်ပွားပြီးသည်နှင့်တပြိုင်နက် လုံခြုံရေးပြဿနာသည် မြန်မာ့မီဒီယာများ အတွက် အဓိကလွှမ်းမိုးမှုအရှိဆုံးသော ပြဿနာများဖြစ်ခဲ့သည်။ အစဉ်တစိုက် ဖြစ်ပွားလျက်ရှိ သည့် ဉာဏ်စိုးရိမ်မှုများကြားမှပင် သတင်းထောက်များနှင့် သတင်းမီဒီယာဌာနများသည် အဖွဲ့ အစည်း၏ တည်ငြိမ်မှုနှင့် ရေရှည် ဆက်လက်ရပ်တည်နိုင်ရန် နည်းလမ်းများကို ကြိုးစားရှာဖွေ လျက်ရှိကြသည်။

"၂၀၂၁ နဲ့ ၂၀၂၂ ခုနှစ်တွေမှာတော့ လုံခြုံရေးကိစ္စတွေက ကျွန်တော်တို့ အဖွဲ့အတွက် အဓိက အကြီးဆုံး စိန်ခေါ်ချက်တွေဖြစ်ခဲ့ပြီးတော့၊ ဒီနှစ်ပိုင်းတွေမှာကျတော့ ငွေကြေးပိုင်းဆိုင်ရာ အခက်အခဲတွေက အဓိက စိန်ခေါ်ချက်ဖြစ်နေတယ်" ဟု ချင်းမိုင်အခြေစိုက် အယ်ဒီတာချုပ် တဦးမှ ရှင်းပြသည်။ "အဲဒါက ဒီလာမယ့်နှစ်အတွက် အဓိကစိန်ခေါ်မှုနဲ့ စိုးရိမ်မှုလည်း ဖြစ်တယ်။ မြန်မာသတင်းမီဒီယာအဖွဲ့အစည်း တော်တော်များများအတွက်လည်း ဒီလိုအတူတူပါပဲ။" အခြားသော သတင်းဌာနတခု၏ အယ်ဒီတာချုပ်တဦးမှလည်း "အကြီးဆုံးစိန်ခေါ်မှု အခက်အခဲ အနေနဲ့ဆိုရင် ဘဏ္ဍာရေး သို့မဟုတ် ဝင်ငွေနဲ့ လုံခြုံရေးတွေပဲ ဖြစ်ပါတယ်" ဟူ၍ ဖြည့်စွက် ဆွေးနွေးထားသည်။

# မြန်မာစစ်တပ်မှ သတင်းမီဒီယာအပေါ်ဖိနှိပ်ရန်အတွက် အသုံးပြုသော နည်းဗျူဟာများ

၂၀၂၃ ခုနှစ်တွင် မြန်မာစစ်တပ်သည် သတင်းအချက်အလက်စီးဆင်းမှုများနှင့် သတင်းရပ်ဝန်းများကို ထိန်းချုပ်ရန်အတွက် နည်းလမ်းအမျိုးမျိုးကို ပေါင်းစပ်အသုံးပြု၍ ဖိနှိပ်ကန့်သတ်မှုများကို ဆက်လက်လုပ် ဆောင်ခဲ့သည်။ ၎င်းတို့သည် တရားဥပဒေများကို ပြင်ဆင်ပြဌာန်းခြင်းဖြင့်လည်း သတင်းအချက်အလက်များကို ထိန်းချုပ်မှုများနှင့် အင်တာနက်လိုင်းများကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်းများကို ပြုလုပ်ခဲ့သည်။ လွတ်လပ်သော သတင်းအဖွဲ့အစည်းများအား ဦးတည် တိုက်ခိုက်ခြင်းများကို လုပ်ဆောင်နေသည့်တဆက်တည်းမှာပင် မြန်မာစစ်တပ်ကို ထောက်ခံ သည့် သတင်းဌာနများအား ထောက်ပံ့အားပေးခြင်းများ လုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာစစ်တပ်သည် ၎င်းတို့အား ဆန့်ကျင်သည့် အတိုက်အခံအင်အားစုများအား တရားရေး လမ်းကြောင်းများကို အသုံးပြု၍ ထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံတော်ပုန်ကန်မှု၊ စော်ကားမှုများနှင့် အကြည်ညိုပျက်စေမှု စသည့် ဥပဒေများနှင့်သက်ဆိုင်သော ဥပဒေများကို ၂၀၂၁ ခုနှစ် အာဏာ သိမ်းပြီးသည်နှင့် ပြန်လည်ပြင်ဆင် ပြဌာန်းခဲ့သည်။ သတင်းမီဒီယာများကို ဖိနှိပ်ကန့်သတ်မှုများ အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည့် ဥပဒေများကိုလည်း ပြင်ဆင်ပြဌာန်းမှုများ ပြုလုပ်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ရေးဆွဲခဲ့သည့် ဆိုက်ဘာလုံခြုံရေးဥပဒေကဲ့သို့သော ဥပဒေများကိုလည်း ရှေ့လာမည့်နှစ်များတွင် ပြဌာန်းမှုများ ပြုလုပ်လာနိုင်သည်။

၂၀၂၃ ခုနှစ်တွင် မြန်မာစစ်တပ်သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ နှင့် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေတို့ကို ပြန်လည်ပြင်ဆင်ပြဌာန်းခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်လိုက်သည့် ဥပဒေသည် ပုံနှိပ်တိုက်များနှင့် ထုတ်ဝေသူများအပါအဝင် သတင်းအေဂျင်စီအဖွဲ့အစည်းများကို ပြန်ကြားရေးဝန်ကြီးဌာနတွင် အဖွဲ့အစည်းလုပ်ငန်း မှတ်ပုံတင်ခြင်းများကို မဖြစ်မနေ ပြုလုပ်ရန် လိုအပ်ပြီး၊ ထုတ်ဝေဖြန့်ချီ သော စာအုပ်စာစောင်များ၏ မိတ္တူကို ဝန်ကြီးဌာနထံ မဖြစ်မနေ ပေးအပ်ရသည့်အတွက် မြန်မာ စစ်တပ်အနေဖြင့် လုပ်ငန်းလိုင်စင်များကို ရုပ်တန့်ခြင်းများနှင့် ရုတ်သိမ်းခြင်းများကို လွယ်လင့် တကူ ပြုလုပ်နိုင်မည်ဖြစ်သည်။ ပြင်ဆင်ထားသည့် ထိုဥပဒေသည် ပြန်ကြားရေးဝန်ကြီးအား ပုံနှိပ် ထုတ်ဝေမှုများကို ရုပ်တန့်ပိတ်သိမ်းနိုင်သည့်အကြောင်းကို အစိုးရပြန်တမ်းများတွင် ထုတ်ပြန်

ကြေညာနိုင်သည့် အခွင့်အာဏာကို ပေးအပ်ထားသည်။ ထို့ကြောင့် လုပ်ငန်းလိုင်စင်ကို ပိတ်သိမ်းသည့် ကြေညာချက် ထုတ်ပြန်လိုက်သည်နှင့် ထိုကြေညာချက် ထုတ်ပြန်ခံရသည့် အဖွဲ့အစည်း၏ လုပ်ငန်းကို ရဲဌာနများမှ ဝင်ရောက်ရှာဖွေ ချိတ်ပိတ်ခွင့် ရရှိသွားမည်ဖြစ်သည်။

မြန်မာစစ်တပ်၏ မတ်လ ၆ ရက်တွင် ထုတ်ပြန်ကြေညာ ပြဋ္ဌာန်းလိုက်သည့် ထိုဥပဒေသည် “အားနည်းနေပြီးဖြစ်သည့် သတင်းမီဒီယာလုပ်ငန်းများ၏ ပုံနှိပ်ခွင့်၊ ထုတ်ဝေခွင့်များကို အကာအကွယ်ပေးထားသည့် ဥပဒေများကို ပို၍ အားနည်းယုတ်လျော့သွားစေသည်”ဟု ကနေဒါအခြေစိုက် အဖွဲ့အစည်းတခုဖြစ်သည့် Centre for Law and Democracy အဖွဲ့မှ မှတ်ချက်ပြုသုံးသပ်ထားသည်။

နိုဝင်ဘာလ ၁၆ ရက်နေ့တွင်လည်း မြန်မာစစ်တပ်သည် ဒုတိယအကြိမ်ပြင်ဆင်ထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းလိုက်ပြီး ထိုပြင်ဆင်ပြဋ္ဌာန်းမှုတွင် လွတ်လပ်သော သတင်းအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ဖယ်ရှားလိုက်ပြီး မြန်မာစစ်တပ်ကို အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းကောင်စီအဖွဲ့ဝင်များကို ခန့်အပ်နိုင်သည့် အခွင့်အာဏာကို ပေးအပ်ထားသည်။ မပြင်ဆင်မီက ကောင်စီကို “ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ အကြောင်းအရာအချက် အလက်များကို ကြီးကြပ်စောင့်ကြည့်ဆောင်ရွက်ရန် အစိုးရအာဏာပိုင်များ၊ တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသူများ၏ လွှမ်းမိုးမှုမှကင်းဝေးပြီး ကိုယ်ပိုင်စီမံခန့်ခွဲမှုရှိသည့် ဤဥပဒေအရဖွဲ့စည်းသော ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ ကိုဆိုသည်။” ဟူ၍ ပြဋ္ဌာန်းထားသည်။

ဤဥပဒေကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းမှုသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ပြင်ဆင်မှုအပြီးတွင် ပြန်လည်ပြင်ဆင်ခြင်းဖြစ်ပြီး “ထုတ်လွှင့်ခြင်း”ဆိုသည့်စကားလုံး၏ အဓိပ္ပာယ်ကို ထပ်မံဖွင့်ဆို ပြဋ္ဌာန်းပြီး ထောင်ဒဏ်များနှင့်ပြစ်ဒဏ်များကို ထပ်တိုးသတ်မှတ်ခြင်းများနှင့် အရေးယူမှုများစွာကို ပြုလုပ်နိုင်ရန်အတွက် ဖြစ်သည်။

ဤကဲ့သို့ ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းလိုက်ခြင်းသည် ဒီမိုကရေစီစံချိန်စံနှုန်းများနှင့် တရားဝင်မှုများကို ပို၍ ကန့်သတ်လိုက်သည့် လုပ်ရပ်များဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွင်းရှိမီဒီယာများကို ကန့်သတ်ထိန်းချုပ်ထားပြီးဖြစ်သည့် ရှိရင်းစွဲ ဥပဒေများကို ပိုမိုထပ်တိုးတင်းကျပ်လိုက်ခြင်း

ဖြစ်သည့်အကြောင်းကို Centre for Law and Democracy အဖွဲ့၏ အမှုဆောင်ဒါရိုက်တာဖြစ်သည့် Toby Mendel မှ ထောက်ပြဝေဖန်ထားသည်။

ထို့အပြင် မြန်မာစစ်တပ်သည် အင်တာလိုင်းများ ပိတ်ပင်ခြင်းများကို နည်းဗျူဟာတရပ်အနေဖြင့် လက်နက်တခုသဖွယ် အသုံးပြုလျက်ရှိပြီး သတင်းထောက်အများအတွက် တိုက်လေယာဉ်များ အသုံးပြု၍ တိုက်ခိုက်ဗုံးကြဲချခြင်းများ၊ ကျေးရွာနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ စသည့် သတင်းများကို အတည်ပြုရေးသား၍ မရနိုင်အောင် ပြုလုပ်လျက်ရှိသည်။ (ဤသို့သော အခြေအနေများတွင် ပြည်တွင်းနှင့် နိုင်ငံတကာသတင်းဌာနများအနေဖြင့် Citizen Journalist များမှ ၎င်းတို့၏ ဖုန်းများကို အသုံးပြု၍ ပေးပို့လာသည့် အချက်အလက်များ၊ ဓာတ်ပုံများ၊ ဗီဒီယိုများကို အဓိကထားမှီခိုနေရသည်။ ထို Citizen Journalist များသည် အဖိုးအခ အနည်းငယ် ရရှိကြသည့် အခါများ ရှိသကဲ့သို့ မရရှိကြသည့် အခါများလည်း ရှိသည်။)

မြန်မာစစ်တပ်သည် သတင်းမီဒီယာအဖွဲ့အစည်းများကို နည်းလမ်းမျိုးစုံ အသုံးပြု၍ တိုက်ခိုက်ခြင်းများနှင့် ယုံကြည်ကိုးစားနိုင်မှုကျဆင်းစေရန် လုပ်ဆောင်ခြင်းများကို ပြုလုပ်လျက်ရှိသည်။

ဥပမာအနေဖြင့် လွတ်လပ်၍ အမှီအခိုကင်းသော သတင်းဌာနအဖွဲ့အစည်းများဖြစ်သည့် မဇ္ဈိမရုပ်သံသတင်းဌာန နှင့် DVB TV သတင်းဌာနတို့ကို အသံလွှင့်ကြေး ပေးဆောင်ရန် အချိန်ကျော်လွန်မှုဖြင့် တရားစွဲဆိုလိုက်ကြောင်း အာဏာသိမ်းစစ်တပ်၏ ပြန်ကြားရေးဝန်ကြီးဌာနမှ ဇူလိုင်လ ၉ ရက်နေ့တွင် ကြေညာခဲ့သည်။

အစဉ်အလာအားဖြင့် မြန်မာစစ်တပ်က ထိန်းချုပ်ထားသည့် သတင်းမီဒီယာများသည် လွတ်လပ်၍ အမှီအခိုကင်းသော သတင်းမီဒီယာများကို ပုံဖျက်ပြီး နိုင်ငံတော်၏ ရန်သူများအဖြစ် ပုံဖော်ဖန်တီးထားကြသည်။ တိမ်းရှောင်ထွက်ပြေးခဲ့ကြရသည့် သတင်းထောက်များကိုလည်း နိုင်ငံတော်ကို ပုန်ကန်သစ္စာဖောက်သူများအဖြစ်၊ လွတ်လပ်၍ အမှီအခိုကင်းသော သတင်းမီဒီယာများကို အစွန်းရောက်များအဖြစ် ပုံဖော်သတ်မှတ်ကြသည်။ ထို့အပြင် သတင်းမီဒီယာများကိုလည်း လူမျိုးရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားစေရန်အတွက် သတင်းတုသတင်းမှားထုတ်ပြန်နေသည်ဟု စွပ်စွဲတိုက်ခိုက်ပုံဖော်လျက်ရှိသည်။

ဒီဇင်ဘာလအတွင်းတွင် မြန်မာစစ်တပ်၏ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ၎င်းတို့၏ "ရခိုင်နေ့စဉ်" ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ပြည်တွင်း သတင်းမီဒီယာဌာနများမှ ဖြန့်ဝေသော သတင်းသစ်များကို မိမိတို့၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ပြန်တင်ခြင်း၊ ဝေမျှခြင်း၊ ကူးယူခြင်း၊

ကွန်မန့်ပေးခြင်းများ ပြုလုပ်သည့် အင်တာနက်သုံးစွဲသူများကို စာရင်းပြုစုပြီး အရေးယူမည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အာဏာသိမ်းမြန်မာစစ်တပ်၏ အသိအမှတ်ပြုခြင်းခံရသော သတင်းမီဒီယာဌာနများမှာ ၎င်းတို့အတွက် အလုပ်လုပ်ရန် သတင်းထောက်များရှာခန့်ခြင်း (သို့မဟုတ်) အာဏာသိမ်းမြန်မာစစ်တပ်ပံ့ပိုးပေးသော အထောက်အပံ့များယူ၍ အသစ်တခု စတင်တည်ထောင်ခြင်းတို့ ပြုလုပ်ကြသည်။

မြန်မာစစ်တပ်ကို ထောက်ခံကြသည့် သတင်းထောက်များနှင့် သတင်းထောက် အသစ်အများအပြားတို့သည် ပြန်ကြားရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်များ ပြုလုပ်စာရင်းသွင်းကြရပြီး နောက်ခံသမိုင်းကြောင်းအထောက်အထား စစ်ဆေးခံရခြင်းမှ အောင်မြင်ဖြတ်ကျော်သွားသောသူ အများစုသည် ကားများအပြင် ကာကွယ်စောင့်ရှောက်မှုကောင်းများပေးထားသည့် ပတ်ဝန်းကျင် နေရာများသို့ ရွှေ့ပြောင်းပေးခြင်းစသည့် ထောက်ပံ့မှုများ ရရှိကြသည်။

မြန်မာစစ်တပ်မှ ထိန်းချုပ်ထားသော သတင်းဌာနတခုဖြစ်သည့် Global New Light of Myanmar နှင့် ရုရှားသတင်းအေဂျင်စီ SPUTNIK တို့ သတင်းအချက်အလက်များ ပူးတွဲထုတ်ဝေရန် သဘောတူညီမှု ရယူခဲ့ကြသည်။ Global New Light of Myanmar ၏ သတင်းထုတ်ပြန်ချက်အရ "နိုင်ငံတကာသတင်းအေဂျင်စီဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာသတင်းထောက်များအတွက် သတင်းရေးသားခြင်းများ၊ တည်းဖြတ်ခြင်းများ၊ ပြင်ဆင်ခြင်းများနှင့် ဓာတ်ပုံပညာရပ်များနှင့်ပတ်သတ်သည့် နည်းပညာများကို လေ့လာသင်ယူနိုင်မည်" ဖြစ်သည့်အကြောင်းကို ရေးသားထားသည်။

## အသံစကားများ

“ကိုယ့်လုံခြုံရေးအတွက် စိုးရိမ်ရတယ်ဆိုပေမဲ့ ဒီအလုပ်ကို မလုပ်ဘဲ မနေနိုင်ပါဘူး”

အောက်တွင်ရေးသားဖော်ပြထားသည်များမှာ မြန်မာနိုင်ငံရှိ သတင်းမီဒီယာဌာနကြီးတခု၏ အယ်ဒီတာချုပ်တဦးနှင့် မေးမြန်းဆွေးနွေးချက်များ ဖြစ်သည်။ ၎င်းသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ကို ကျူးလွန်ဖောက်ဖျက်မှုဖြင့် ထောင်တွင်းတွင် နှစ်နှစ်တာကာလ ထိန်းသိမ်းအရေးယူခြင်းခံခဲ့ရသူ ဖြစ်သည်။

**ထောင်က လွတ်လာပြီးတဲ့ နောက်ပိုင်းမှာ သတင်းလုပ်ငန်းကို ပြန်ပြီးလုပ်ကိုင်ဖြစ်ခဲ့ပါသလား ဆရာ။ ပြန်လုပ်ဖြစ်တယ်ဆိုရင်လည်း ဘာကြောင့် ပြန်ပြီးတော့ ဆက်လုပ်ဖြစ်ခဲ့သလဲ။**

ထောင်ကလွတ်ပြီးနောက် မီဒီယာနှင့် သက်ဆိုင်တဲ့ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေပါတယ်။ သတင်းစာပညာက ကျွန်တော့်ရဲ့ စိတ်အားထက်သန်မှုအရှိဆုံး ဝါသနာပါပဲ။ ဒီတော့ ဘယ်အခြေအနေရောက်ရောက် ဒီအလုပ်ကို ဆက်လုပ်နေမှာပဲ။ သတင်းထောက်တယောက်ဖြစ်လို့ ကိုယ့်လုံခြုံရေးအတွက် စိုးရိမ်ရတယ်ဆိုပေမဲ့ ဒီအလုပ်ကို မလုပ်ဘဲ မနေနိုင်ပါဘူး။ ဒီအလုပ်ကို မြတ်နိုးတာကြောင့် ထောင်က ပြန် လွတ်, လွတ်ချင်း ပြန်လုပ်ဖြစ်ပါတယ်။

**ထောင်ထဲမှာ နေခဲ့ရတော့ လူတယောက်အနေနဲ့၊ ပြီးတော့ သတင်းထောက်တယောက်အနေနဲ့ ဘယ်လိုသက်ရောက်မှုရှိပါသလဲ။**

ထောင်ထဲမှာ သတင်းထောက်တယောက်ဖြစ်တာကြောင့်မို့ တလေးတစား ဆက်ဆံကြတယ်။ တခြား အကျဉ်းသားတွေက စာနယ်ဇင်းနဲ့ သတင်းထောက်တွေရဲ့ တန်ဖိုးကိုသိသူတွေမို့ ကျွန်တော့်ကို အသိအမှတ်ပြုကြတယ်။ ဒါကို ကျွန်တော်တန်ဖိုးထားပါတယ်။ တချိန်တည်းမှာပဲ ကျွန်တော်ဟာ သတင်းထောက်ဖြစ်တဲ့အတွက် ထောင်အာဏာပိုင်တွေကြားမှာ ပူပန်မှုရှိကြပါတယ်။ သူတို့က ထောင်တွင်းခြေနေနဲ့ ပတ်သတ်ပြီး ဖော်ထုတ်မှာကို စိုးရိမ်ကြပါတယ်။ ဒီလိုနဲ့ ကျွန်တော် ထောင်ကလွတ်လာတော့ ထောင်ထဲက အကြောင်းတွေ မရေးဖို့ သတိပေးကြပါတယ်။ ဥပမာ - စာနယ်ဇင်း တခုက ထောင်ခြေနေတခု တင်လိုက်ပြီဆိုရင် အာဏာပိုင်တွေက ကျွန်တော့်ကို ခေါ်မေးတော့တာပဲ။ အတွေ့အကြုံအရတော့ ကျွန်တော် ထောင်ကလွတ်ရင် ခြေနေတွေကို

ပြန်ထုတ်ဖော်မှာစိုးလို့ အကျဉ်းသားတွေကို ညှင်းပန်းနှိပ်စက်တာတွေလဲ သူတို့ ရှောင်ကြတာကို တွေ့ရှိခဲ့ရပါတယ်။

**ထောင်ကလွတ်တော့ ခြိမ်းခြောက်ခံရတာ စစ်ဆေးမေးမြန်းစောင့်ကြည့်ခံရတာတွေ ရှိခဲ့သေးလား။**

သူတို့က စစ်ဆေးချင်တယ်ဆိုပြီး ထောင်က လွတ်တာနဲ့ မြန်မာစစ်တပ်နဲ့ ပတ်သတ်တဲ့ တချို့လူတွေကို တွေ့ခဲ့ရပါတယ်။ သူတို့က သတင်းထောက်တယောက်အနေနဲ့ အလုပ်မလုပ်ဖို့ ပြောပါတယ်။ အထူးသဖြင့် မဇ္ဈိမ၊ Myanmar Now ၊ ခေတ်သစ်စတဲ့ သတင်းဌာနတွေနဲ့ မလုပ်ဖို့ သတိပေးကြပါတယ်။ လုပ်လို့ရှိရင် အန္တရာယ်ရှိနိုင်တယ်ပြောပါတယ်။ နိုင်ငံတကာ မီဒီယာတွေဖြစ်တဲ့ BBC၊ VOA (သို့) မြန်မာစစ်တပ် အထောက်အပံ့ပေးထားတဲ့ မီဒီယာတွေမှာပဲလုပ်ဖို့ ပြောပါတယ်။ အတိုင်းအတာတခုထိ ခြိမ်းခြောက်ခံခဲ့ရတယ်လို့ ခံစားရပါတယ်။

**အခု လုံခြုံရေးခြေနေ ဘယ်လိုရှိပါသလဲ။**

ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော့်လုံခြုံရေးထက် မိသားစုဝင်တွေရဲ့ လုံခြုံရေးကို ပိုပူပန်နေရပါတယ်။

**မြန်မာပြည်တွင်းကနေ ဒီကာလ သတင်းတင်ဆက်ရတာ ဘယ်လောက်အန္တရာယ်ရှိပါသလဲ။**

စစ်တပ်နဲ့ ပတ်သတ်တဲ့ အဖွဲ့အစည်းများနဲ့ စစ်တပ်ထောက်ခံတဲ့ သတင်းအေဂျင်စီတွေအတွက်တော့ ဘေးကင်းပါတယ်။ဒါပေမယ့် စစ်တပ်ကျူးလွန်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ဖော်ထုတ်နေတဲ့ လွတ်လပ်တဲ့ သတင်းမီဒီယာအတွက် အလုပ်လုပ်နေသူတွေအတွက် အန္တရာယ်များပါတယ်။ အသက်အန္တရာယ်ထိ ခြိမ်းခြောက်ခံနေရပြီး ဘာမဆိုဖြစ်နိုင်ပါတယ်။ မြန်မာပြည်ရဲ့ တနံတလျား ဘယ်နေရာမဆို၊အချိန်မရွေး အဖမ်းခံရနိုင်ပါတယ်။ ဒီလို ဘေးက သတင်းထောက်တွက်သာမက သူရဲ့ အသိုင်းအဝိုင်းနဲ့ လုပ်ဖော်ကိုင်ဖက်တွေဆီလဲ ကူးစက်နိုင်ပါတယ်။

**ရှေ့ကာလတွေမှာဆိုရင်ကော ဆရာ့အတွက် အကြီးမားဆုံး စိန်ခေါ်မှုတွေက ဘာတွေဖြစ်လာမယ်လို့ တွေးထားလဲ။**

စိန်ခေါ်မှု ကြီးကြီးမားမားနှစ်ခု ရှိပါတယ်။ ဝင်ငွေနဲ့ လုံခြုံရေးအပိုင်းပါ။ ထိုင်းနိုင်ငံ၊ မဲဆောက်မှာနေတဲ့သူတွေတောင် မလုံခြုံပါဘူး။ စစ်တပ်ရဲ့ သူလျှိုတွေ နေရာတကာမှာ ရှိပါတယ်။ ပြည်တွင်းမှာနေနေ၊ ပြည်ပမှာ နေနေ ကုန်ဈေးနှုန်း ကြီးမြင့်လို့ စားဝတ်နေရေး မချောင်လည်လှပါဘူး။

မီဒီယာအဖွဲ့အစည်းတွေနေနဲ့က ငွေကြေးပိုင်း မလုံလောက်မှုဖြစ်တော့ တချို့လဲ လုံလောက်တဲ့ ဝင်ငွေ မရကြဘူး။

**လက်နက်ကိုင် တော်လှန်ရေးက ၂၀၂၃ ထဲမှာ အတော်လေး ပြန့်နှံ့လာနေတယ်။ လာမယ့်နှစ် အာဏာသိမ်းနှစ်ပတ်လည်ကို မျှော်ကြည့်ရင် သတင်းထောက်တွေရဲ့ လုံခြုံရေး အခြေအနေ ဘယ်လို ဖြစ်လာမယ်ထင်ပါသလဲ။**

ခြေနေနှစ်ခု ရှိလာနိုင်တယ်ပေါ့ဗျာ။ တဖက်က မြန်မာစစ်တပ် ထိန်းချုပ်နယ်မြေတွေဖြစ်တဲ့ မြို့ကြီးတွေမှာ မီဒီသမား၊ သတင်းထောက်တွေအတွက် လုံခြုံမှုမရှိပါဘူး။ ဥပမာ- မိုခါ ဆိုင်ကလုံးသတင်းယူနေတဲ့ ကိုစိုင်းဇော် ရခိုင်မှာ ခရီးသွားရင်း ဖမ်းဆီးခံရတဲ့ဖြစ်စဥ်ကို ကြည့်ပါ။ တခြားတဖက်အရတော့ တိုက်ပွဲနဲ့ စစ်ဘောင်ကျယ်လာတာနဲ့ အမျှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပြည်သူ့တော်လှန်ရေး တပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားတဲ့ လွတ်မြောက် နယ်မြေတွေမှာ မြေပြင်သတင်းတွေယူခွင့်ရတော့ သတင်းထောက်တွေအတွက် အခွင့်အလမ်း တွေ ရှိလာနိုင်ပါတယ်။ လာမယ့်နှစ်အတွက် စိန်ခေါ်မှု နောက်တခုက သတင်းထောက်တွေ ပြည်တွင်းမှ ပြည်ပသို့ ပြောင်းရွှေ့သွားတာဟာ တတိယနိုင်ငံတွေမှာ ငွေကြေးနဲ့ လုပ်ငန်း ဆောင်ရာ အကြောင်းပြချက်တွေကြောင့် မီဒီယာလုပ်ငန်းကို ဆက်လက်လုပ်ကောင်ဖို့ ခက်ခဲတာ တွေ ရှိလာနိုင်ပါတယ်။

**မြန်မာ့သတင်းစာလောကအတွက် ဆရာ့ကို ဘယ်အရာက မျှော်လင့်ချက်ပေးပါသလဲ။**

ကျွန်တော်တို့ (၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှု) ၈ လေးလုံး အရေးတော်ပုံကြီးနဲ့ (ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေဦးဆောင်တဲ့) ၂၀၀၇ ရွှေဝါရောင် အရေး အခင်းလိုမျိုး တွေ ရှေ့မှာ အလားတူ ကြုံခဲ့ရဖူးပါတယ်။ သတင်းထောက်တွေက စစ်တပ်ရဲ့ ပစ်မှတ်ထား သတ်ဖြတ်နှိပ်စက်ခြင်းကို အမြဲခံကြရတာပါပဲ။ဒီ တော်လှန်ရေးမှာလဲ သတင်း ထောက်တွေရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ဒီလိုခြေနေမှာ သတင်းထောက် အလုပ်ကို ဆက်လုပ်ရတာ မလွယ်ပါဘူး။သတင်းလုပ်ငန်းရဲ့ အရေအတွက်နဲ့ အရည်အသွေးကို ထိန်းညှိပြီး ရှေ့မှာ ဘာတွေရှိခဲ့လဲဆိုတာ ပြန်လည် ဖော်ထုတ်ကြရပါတယ်။

## “ငွေကြေးပိုင်းဆိုင်ရာအခက်အခဲက လာမယ့်နှစ်အတွက် ကျွန်တော်တို့ရဲ့ အဓိက စိန်ခေါ်ချက်နဲ့ စိုးရိမ်မှုဖြစ်နေတယ်”

မြန်မာနိုင်ငံ၏ ပြင်ပမှနေ၍ သတင်းရေးသားတင်ဆက်ရခြင်းသည် မြန်မာ့မီဒီယာများအတွက် ရင်းနှီးပြီးသားဖြစ်သည်။ သို့ရာတွင်လည်း ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်စဉ်အပြီး သုံးနှစ်ပြည့်သည့် နှစ်ပတ်လည်နှစ်တွင်၊ ပြင်ပအခြေစိုက်သတင်းဌာနကြီးတခုဖြစ်သည့် အဖွဲ့အစည်းတခု အနေဖြင့် ၎င်းတို့၏ ရေတိုကာလနှင့်-ရေရှည်ကာလများတွင် ဆက်လက်ရပ်တည်နိုင်ရန်အတွက် စိုးရိမ်စရာအခြေအနေများ ရှိနေသည့်အကြောင်းကို ထိုသတင်းဌာန၏ အယ်ဒီတာချုပ်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ထိုင်းနိုင်ငံရှိ ချင်းမိုင်းမြို့တွင် ပြုလုပ်ခဲ့သော အင်တာဗျူးမေးမြန်းမှုတခုတွင် ဆွေးနွေးမျှဝေပေးခဲ့သည်။

**ဆရာတို့ အဖွဲ့အစည်းရဲ့ ငွေရေးကြေးရေးခြေနေအရရော ဘယ်လို အခြေအနေရှိနေပါသလဲ။ ဘယ်လို စီမံခန့်ခွဲမှုတွေ ပြုလုပ်နေရပါသလဲ။ ပြီးတော့ ဆရာတို့ရဲ့ နိုင်ငံတကာမီဒီယာ ငွေကြေး ထောက်ပံ့မှုတွေအပေါ်မှာကော ဘယ်လိုရပ်နေရသလဲဆိုတာလေးကိုပါ ရှင်းပြပေးပါဦး။**

ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းလိုက်တဲ့ ရက်ကစပြီး မဇ္ဈိမမှာ ကြော်ငြာကလာတဲ့ ဘာဝင်ငွေတွေမှ မရှိပါဘူး။ စစ်တပ်အနေနဲ့က ကျွန်တော်တို့နဲ့ ကြော်ငြာတဲ့ ထုတ်ကုန်တွေကို ဒုက္ခပေးတာတွေ လုပ်မှာကိုး။ ဒီတော့ အဲ့နည်းလမ်းနဲ့ ရတဲ့ ဝင်ငွေ လုံးဝကို မရှိဘဲ ကျွန်တော်တို့ရဲ့ ကြော်ငြာစနစ်တခုလုံး ပျက်စီးသွားပါတယ်။

နိုင်ငံတကာ အဖွဲ့အစည်းတွေကရတဲ့ ငွေကြေးအထောက်အပံ့ဟာ ကုန်ကျစရိတ်ရဲ့ ၅၀ ရာခိုင်နှုန်းတောင် မဖြည့်ဆည်းနိုင်ပါဘူး။ ငွေရေးကြေးရေးအရ ကျွန်တော်တို့ ရုန်းကန်နေရပါတယ်။ လောလောဆယ်တော့ ဇန်နဝါရီလအတွက် ဝန်ထမ်းတွေရဲ့ လစာပေးဖို့ ငွေ ၆၀ ရာခိုင်နှုန်းက လက်ထဲ ရှိမနေဘူး။ တချို့ နိုင်ငံတကာ အလှူရှင်တွေနဲ့ နှုတ်အားဖြင့် သဘောတူညီမှု တချို့ ရထားပေမယ့် ငွေက မရောက်လာသေးပါဘူး။ ဒီတော့ မဇ္ဈိမရဲ့ ငွေရေးကြေးရေးခြေနေက တည်ငြိမ်မှု မရှိဘူးဖြစ်နေတယ်။

မြန်မာပြည်ရဲ့ မီဒီယာနဲ့ သတင်းစာ ခြေနေကို ပြောရမယ်ဆိုရင် အာဏာမသိမ်းခင်က သတင်းထောက်နဲ့ သတင်းတင်ဆက်သူပေါင်း ၄၀၀၀ ကျော်ရှိခဲ့ပေမယ့် ခုတော့ ၁၀၀၀ အောက်ပဲ ရှိပါ

တော့တယ်။ အဲဒီထဲက သတင်းထောက် ၃၀၀ လောက်က နိုင်ငံပြင်ပကနေပြီးတော့ သတင်းလုပ်ငန်းတွေကို လုပ်ကိုင်နေကြရပါတယ်။

ကံမကောင်းချင်တော့ မြန်မာပြည်က ယူကရိန်းလောက် နိုင်ငံတကာရဲ့ အာရုံ မရတော့ပါဘူး။ နိုင်ငံတကာ အကူအညီတွေက ခုဆိုလဲ ယူကရိန်းကနေ အစ္စရေး-ဟားမတ် ပဋိပက္ခဆီ ရောက်သွားပြန်ပါပြီ။ ဒီတော့ ကျွန်တော်တို့တွက် နိုင်ငံတကာ အကူအညီအထောက်အပံ့ဟာ နည်းသထက်နည်းလာပါတယ်။

သတင်းထောက်နဲ့ သတင်းတင်ဆက်သူ အရေအတွက် နည်းလာပေမယ့် သတင်းတင်ဆက်မှုများ နှင့် သတင်းအဖွဲ့အစည်းတွေ တိုးလာပါတယ်။ ဒီကာလကြီး ခင်ဗျားမှာ Facebook account ရှိမယ်ဆို ခင်ဗျား လူအနည်းငယ်နဲ့ သတင်းတင်ဆက်လို့ရလာပါတယ်။ ဆိုတော့ တချို့ ကလည်း သတင်းထောက်မလုပ်ဘဲ သတင်းတင်ဆက်တဲ့ ချန်နယ်တည်ထောင်သူ (သို့) စီအီးအို လုပ်ကြတာပေါ့။

လက်ရှိ ပြည်တွင်းနဲ့ ပြည်ပမှာ သတင်းမီဒီယာ အဖွဲ့အစည်း ၁၀၀ ဝန်းကျင်ရှိပါတယ်။ အရင်က အဖွဲ့အစည်း ၈၀ လောက်ရှိတာကနေ 7-Day Media လို အဖွဲ့အစည်းမျိုး ရပ်တန့်သွားပါတယ်။ ပြီးတော့ စစ်တပ်ကိုထောက်ခံတဲ့ အကျိုးဆောင် မီဒီယာတွေ ဖြစ်လာပါတယ်။ ယေဘုယျအားဖြင့် ပြောရရင် သတင်းထောက်နည်းလာပြီး သတင်းတင်ဆက်တဲ့ အဖွဲ့တွေများလာတယ် ဆိုရမှာပါ။ ဒါ မြန်မာပြည်ရဲ့ မီဒီယာခြေနေပါပဲ။

စစ်တပ်အာဏာမသိမ်းမှုတိုင်ခင်က ကျွန်တော်တို့ မဇ္ဈိမရဲ့ စီးပွားရေးပုံစံက လွတ်လပ်တဲ့ သတင်းမီဒီယာအဖွဲ့အစည်းအနေနဲ့ ပြောင်းလဲနိုင်ခဲ့ပေမယ့် ခုတော့ အားလုံး ရပ်တန့်သွားပါပြီ။ ခုဆိုရင် နိုင်ငံတကာ သတင်းမီဒီယာအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ကြေးတွေကိုပဲ မှီခိုနေရပါတယ်။ တခြားအဖွဲ့တွေလဲ ကျွန်တော်တို့လိုပဲ အလားတူ ကြုံတွေ့နေရပါတယ်။

**လက်ရှိခြေနေအရ ငွေကြေး အပါအဝင် ခြေနေအတော်များများက မရေမရာ ဖြစ်နေတယ်။ ဒီတော့ ဒီစိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကို ဆရာတို့ ဘယ်လို ကျော်လွှားဖို့ စီမံထားလဲ။**

ကျွန်တော်တို့ ဒီလိုအခက်အခဲအကြပ်အတည်း ကာလကို ဘယ်လို ဖြတ်ကျော်ရမယ်ဆိုတာ အတွေ့အကြုံရှိပါတယ်။ ဒီတော့ ငွေကြေးထောက်ပံ့မှု မရနေပေမယ့်လည်း ဒီအလုပ်ကို ဆက်လုပ်နေပါဦးမယ်။ ကျွန်တော်တို့ ငွေရှာဖို့ သက်သက်ဆို တခြားအရာတွေ လုပ်လို့ရပါတယ်။

ဤနေရာတွင် ကျွန်တော်ဆိုလိုချင်တာက ကျွန်တော်တို့ဟာ ငွေအတွက်လုပ်နေတာမဟုတ်ဘဲ ဝါသနာကြောင့် လုပ်နေကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအလုပ်ကို လုပ်ချင်လို့ကို လုပ်နေကြတာ ဖြစ်ပါတယ်။

**သတင်းရေးသားတင်ဆက်နေမှုအပိုင်းမှာကော ဘယ်လိုအခြေအနေရှိလဲ။**

ကျွန်တော်တို့အနေနဲ့ နိုင်ငံအနှံ့ လက်ရှိဖြစ်နေတဲ့ ပဋိပက္ခနဲ့ တိုက်ပွဲတွေပေါ်ပဲ အလွန်အကျွံ အာရုံစိုက်တာမျိုး မလုပ်ဖို့လဲ လိုပါသေးတယ်။ နိုင်ငံမြို့နယ်ရဲ့ မြို့နယ် ၃၃၆ ထဲက ၃၁၆ မှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကို သတင်းယူဖို့ သတင်းတင်ဆက်သူနဲ့ သတင်းထောက်တွေ လိုတယ်ဆိုတာတော့ ကျွန်တော်တို့ နားလည်ပါတယ်။ ဒီသတင်းတွေ ယူဖို့ လိုတဲ့ သတင်းထောက်အရေအတွက်ကို တွေးကြည့်ပါ။ ဒါပေမယ့် တခြား အာရုံစိုက်စရာ လူမှုဒုက္ခများနဲ့ စီးပွားရေး အကြပ်အတည်းတွေလဲရှိပါသေးတယ်။

မြန်မာပြည်ရဲ့ မီဒီယာအားနည်းချက်တရပ်က လက်ရှိဖြစ်နေတဲ့ တိုက်ပွဲတွေနဲ့ ပဋိပက္ခတွေပဲ အာရုံစိုက်သတင်းတင်ဆက်နေမှုပါ။ ဒီသတင်းတွေပဲ အာရုံစိုက်မယ်။ တခြား စီးပွားရေး၊ ပညာရေးစတဲ့ တခြားပြဿနာများနဲ့ ဒီပြဿနာတွေကို ဖြစ်ရှင်းနိုင်တဲ့ အဖြေတွေကို အလေးမထားရင် အနာဂတ်က ဘယ်ကို ဦးတည်နေလဲ သိမှာ မဟုတ်ပါဘူး။

**ဆရာ့ လက်ရှိခြေနေကို သုံးသပ်ချက်အရ မြန်မာ့မီဒီယာလုပ်ငန်းဟာ လာမယ့်နှစ် အနည်းငယ်အတွင်း ဘာတွေ ဖြစ်လာနိုင်တယ် ထင်ပါသလဲ။**

ရိုးရိုးသားသားပြောရရင် ၂၀၂၄ မှာ ဘာဖြစ်မလဲ မသိပါဘူး။ ခန့်မှန်းသုံးသပ်ချက်နဲ့ ဖြစ်တန်တဲ့လားရာရှိနေပမယ့် ဘာကိုမှကို မသိရတာမျိုးပါ။ ကျွန်တော်တို့အတွက် တနှစ်လုံးစာ လစာကိုဘယ်လိုပေးကြမလဲဆိုတဲ့ ပူပင်စရာရှိတော့ ဒီအတွက် ပြင်ဆင်ရဦးမှာပါ။ ကျွန်တော်တို့ သတင်းထောက်တွေအခြေစိုက်တဲ့ နေရာပေါ်မူတည်ပြီး အနည်းဆုံးလုပ်ခလစာထက်မနည်းဘဲ လစာကောင်းကောင်းပေးပါတယ်။ ဒါပေမယ့် ရေရှည် ငွေကြေးတွေဘယ်လို ထိန်းထားနိုင်မလဲဆိုတာပြဿနာရှိနေပါတယ်။

၂၀၂၁ နဲ့ ၂၀၂၂ မှာ စိန်ခေါ်မှုအကြီးမားဆုံးကတော့ လုံခြုံရေးဖြစ်ပြီး ခုတော့ ငွေကြေး အခက်အခဲဖြစ်ပါတယ်။ ဒါဟာ လာမယ့်နှစ်တွေတွက်လဲ ကြီးမားဆုံး ခြိမ်းခြောက်မှုနဲ့ ပူပန်စရာဖြစ်ပါတယ်။ မြန်မာပြည်က မီဒီယာလုပ်ငန်းအားလုံးလိုလို ဒီခြေနေကို ကြုံနေရတာပဲဖြစ်ပါတယ်။

**ပြည်ပက ဆရာ့ဘဝအတွေ့အကြုံကို အကျဉ်းချုံးပြောပြပေးပါလား။ ပြည်ပမှာ ဆရာ့အလုပ်အကိုင်၊ ကျန်းမာရေးနဲ့ လူမှုရေး ခြေနေတွေကို မျှဝေပေးလို့ ရမလား။**

ကျွန်တော် ဒီလို ဘဝမျိုးနဲ့ အရင်က နေခဲ့ဖူးပါတယ်။ ရန်ကုန်ပြန်ရောက်သွားတော့လည်း ဘဝမှာ ထွေထူးအပြောင်းအလဲ မခံစားခဲ့ရပါဘူး။ တခုပဲ ကျွန်တော် ဟိုဟိုဒီဒီသွားလို့ရတယ် ဒီလောက်ပါပဲ။ ဘာမှ ကြီးကြီးကျယ်ကျယ် ပြောင်းလဲတယ် မရှိပါဘူး။

တစုံတယောက်ကများ အမိမြေ ပြန်ချင်လား မေးရင် သံယောဇဉ်နဲ့ တွယ်တာစရာများတဲ့ အရပ်မို့ "ပြန်ချင်တာပေါ့" လို့ပဲ မဆိုင်းမတွ ဖြေမှာပါ။ ဒါရိုးရိုးရှင်းရှင်းလေးပဲလေ။ (ရယ်မောလျက်)။ တခါကများ ကျွန်တော့်အကိုက မြန်မာပြည် ပြန်လို့ရင် ဘာလုပ်မလဲ မေးတော့၊ မြန်မာပြည် ပြန်လို့ရလို့ကတော့ အခုချက်ချင်းထပြန်မှာပေါ့ဆိုပြီး ပြောပြဖြစ်ပါတယ်။ သူက စစ်တပ် ကျရှုံးပြီး ရင်တောင် ပျူစောထီးတွေရဲ့ အန္တရာယ်ရှိသေးတယ်လို့ သတိပေးပါတယ်။ သူပြောတဲ့ အန္တရာယ်ကို ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့်လည်း မြန်မာပြည် ပြန်ချင်တုန်းပါပဲ။

ကျွန်တော့်တကိုယ်ရေတွက်ကတော့ ဘယ်နေရာရောက်ရောက် ရှင်သန်နိုင်ပါတယ်။ ဒါပေမယ့် တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ သတင်းတွေကို နေ့စဉ်ပတ်သတ်နေရတော့ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှု ကြီးကြီးမားမားရှိပါတယ်။ ဥပမာ - ကိုဂျင်မီနဲ့ ကိုဇေယျာသော် ကွပ်မျက်ခံရတဲ့ သတင်းက စိတ်ပိုင်းဆိုင်ရာ အကြီးကြီးရှိပါတယ်။ ဒါကလွဲလို့ အထွေအထူး အကြပ်အတည်း မရှိလှပါဘူး။ သတင်းထောက်နဲ့ သတင်းတင်ဆက်သူတိုင်း ကျွန်တော်နဲ့ ခြေနေချင်းမတူနိုင်ပါဘူး။ သူတို့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးလုံး ရုန်းကန်နေရတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။

# အစီရင်ခံစာနောက်ခံအကြောင်း

ဒီအစီရင်ခံစာသည် မြန်မာပြည်တွင်း စာနယ်ဇင်း သတင်းမီဒီယာ လွတ်လပ်ခွင့် အပေါ် စိန်ခေါ်မှုများနှင့် အန္တရာယ်များ၊ သတင်းထောက်များနှင့် သတင်းလုပ်ငန်း လုပ်နေကြသူများ၏ ဘေးကင်းလုံခြုံမှုခြေနေများ၊ ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းမှုကတည်းက နိုင်ငံ့သတင်းနှင့် သတင်းရပ်ဝန်းခြေနေများကို နောက်ဆုံးခြေနေတင်ပြချက်ဖြစ်ပါသည်။ ဒီအစီရင်ခံစာသည် နိုင်ငံ၏ သတင်းနှင့် သတင်းရပ်ဝန်းခြေနေကို ပိုမိုနားလည်ရန် ခြေနေအရပ်ရပ်ကို မှတ်တမ်းပြုထားသော သတင်းထောက်များနှင့် မီဒီယာသမားများ၏ လက်တွေ့ ဖြစ်ပျက်များနှင့် ဆွေးနွေးမှုများကို အခြေခံကာ ခိုင်လုံသော သတင်းအချက်အလက်များကို အသုံးပြု၍ ထုတ်ဝေထားခြင်း ဖြစ်ပါသည်။

*အဓိပ္ပာယ်ဖွင့်ဆိုချက်များ*

ဒီ နောက်ဆုံးခြေနေ တင်ပြမှု ဖြစ်ရပ်များကို စောင့်ကြည့်စစ်ဆေးရာတွင် ဖြစ်ရပ်တခုကို ဖမ်းဆီး/ထိန်းသိမ်းခံရမှု၊ ကွပ်မျက်ခံရမှု၊ သေဆုံးမှု၊ နှိပ်စက်ခံရမှု နှင့် အကြမ်းဖက်မှုများ၊ စောင့်ကြည့်ခံရမှုများ၊ အနှောင့်အယှက်ပေး ခြိမ်းခြောက်ခံရမှုများ စသော သတင်းထောက်များ၏ နောက်ခံခြေနေများနှင့် တိုက်ဆိုင်၍ စစ်ဆေးပါသည်။

ဖြစ်ရပ်များတွင် သတင်းထုတ်ဝေခြင်းနှင့် ဖြန့်ဝေခြင်းများတွင် စီမံခန့်ခွဲရေးနှင့် ဆန်းသစ်တီထွင်ရေး ကူညီသူများကဲ့သို့သော လွတ်လပ်သော သတင်းခန်းများနှင့် သတင်းစီမံခန့်ခွဲခြင်းများတွက် လုပ်ငန်းလုပ်ကြသူများတွင် အလားတူကြုံတွေ့ရသော အခြေအနေများလဲ ပါဝင်ပါသည်။ ဤနောက်ဆုံးခြေနေ တင်ပြမှု အစီရင်ခံစာများတွင် ၎င်းတို့ကို “မီဒီယာလုပ်သားများ/ သတင်းမီဒီယာ သမားများ” ဟု ခေါ်ဝေါ် သုံးစွဲပါသည်။

သတင်းခန်းများနှင့် သတင်းအဖွဲ့အစည်းများ၊ website များနှင့် အွန်လိုင်းရပ်ဝန်းများ၊ လွတ်လပ်သော သတင်းထောက်များနှင့် စာနယ်ဇင်း အဖွဲ့အစည်းများ ကြုံတွေ့ရသော ဖြစ်ရပ်များလဲ ပါဝင်ပါသည်။ ထုတ်လုပ်ခွင့် လိုင်စင် ပိတ်သိမ်းခံရခြင်း၊ သတင်းခန်းများ စီးနင်းခံရခြင်းနှင့် ကွပ်မျက်ခံခြင်း၊ website များ ပိတ်သိမ်းခံရခြင်းတို့ ပါဝင်ပါသည်။

ဒီနောက်ဆုံးခြေနေ တင်ပြမှုများတွင် သတင်းထောက် ဟူသည် သတင်းစုဆောင်းခြင်းနှင့် တင်ဆက်သူ၊ ဖြစ်ရပ်ကို ဗီဒီယို/ ဓာတ်ပုံမှတ်တမ်းယူသူ၊ အတတ်ပညာပြည့်ဝ၍ လွတ်လပ်သော သတင်း

ထောက်စံနှင့် နည်းလမ်းများနှင့်အညီ သတင်းတည်းဖြတ်သူ/ထုတ်ဝေသနှင့် သတင်းတင်ဆက်သူကို ဆိုလိုပါသည်။ သတင်းထောက်ဟူဆိုရာတွင် သတင်းမီဒီယာ အသီးသီးတွင် သတင်းခန်းတွင် အသက်မွေးဝမ်းကြောင်းအရ (ဝင်ငွေရသည်ဖြစ်စေ/မရသည်ဖြစ်စေ) လုပ်ကိုင်နေကြသူများ ဖြစ်နိုင်ပါသည်။ သူတို့ အလုပ်လုပ်ကြပုံများတွင် အချိန်ပြည့်ဝန်ထမ်း၊ တသီးပုဂ္ဂလ လုပ်ကိုင်သူ၊ ကော်လံစားသမား/(ရုံဖန်ခါ) ဝင်ရောက်လုပ်ကိုင်သူများ အမျိုးမျိုး ကွဲပြားနိုင်ပါသည်။

ဤစောင့်ကြည့်စစ်ဆေးမှုတွင် ပါဝင်သူများတွင် သတင်းထောက်အဖြစ် ယခင်က လုပ်ကိုင်ခဲ့သူ (ဝါ) သတင်းအဖွဲ့အစည်းများမှ အလုပ်ထွက်သွားသူများကိုလည်း ထည့်သွင်းထားပါသည်။ ထည့်ရခြင်း အကြောင်းပြချက်နှစ်ခုရှိပါသည်။ ပထမအချက်အနေနဲ့က မြန်မာပြည်မှာ သတင်းထောက်ဖြစ်ရုံနဲ့တင် အန္တရာယ်များပါသည်။ သတင်းတင်ဆက်သော အဖွဲ့များနှင့် ပတ်သတ်ရုံနှင့်တင် ပစ်မှတ်ထားခံရခြင်း၊ အဖမ်းခံရခြင်းများ ကြုံတွေ့ရနိုင်ပါသည်။ ဒုတိယအချက်အနေနဲ့ သတင်းထောက်ဟောင်းလို့ သုံးနှုန်းမယ်ဆိုလျှင် လုံခြုံရေးဆိုင်ရာ ထည့်သွင်း စဥ်းစားပေးမှုတွေ ရနိုင်လို့ ဖြစ်ပါသည်။

ဤနေရာတွင် သတင်းထောက်ဟု ဆိုလျှင် မြန်မာပြည်က သတင်းအဖွဲ့အစည်းများနှင့် ပုံမှန် အလုပ်လုပ်နေသော Citizen Journalist များလဲ ပါဝင်ပါသည်။ မြန်မာပြည်ခြေနေအရ Citizen Journalist ဟူသည် ဓာတ်ပုံ၊ ဗီဒီယို၊ ဇာတ်လမ်းများစသော မပြုမပြင် သတင်းလတ်လတ်ဆတ်ဆတ်များကို ပုံမှန် သတင်းပို့ပေးနေသူများကို ဆိုလိုပါသည်။ Citizen Journalist တွေ အနေနဲ့ ဝင်ငွေနှင့် သတင်းသင်တန်း ရချင်မှ ရပါလိမ့်မည်။ ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်း သတင်းမီဒီယာ ဌာနများသည် ပရော်ဖက်ရှင်နယ် သတင်းထောက်များအနေနဲ့ သတင်းနှင့် ပတ်သတ်သော လုပ်ငန်းများလုပ်ကိုင်ရန် ကန့်သတ်မှုများ၊ အခက်အခဲများ ကြုံတွေ့ရပြီးနောက် Citizen Journalist များပို့ပေးသော သတင်းအချက်အလက်များကို အသုံးပြုပြီး စတင်ခဲ့ကြရပါသည်။